# မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်

# Confederation of Trade Unions Myanmar (CTUM)

## ဖွဲ့စည်းပုံ အခြေခံဥပဒေ

## Consitution

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၉-၃၀) ရက်။

# မာတိကာ

## မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ


၁။ အခန်း (၁)

အမည်၊ အဖွဲ့ဝင်ဖြစ်ခြင်းနှင့် အဖွဲ့ဝင်ဖြစ်ခွင့်၊ အခွင့်အရေးနှင့် တာဝန်ရှိမှုများ

ပုဒ်မ (၁) အမည်

ပုဒ်မ (၂) အဖွဲ့ဝင်ဖြစ်ခွင့်နှင့် အဖွဲ့ဝင်ဖြစ်ခြင်း။

ပုဒ်မ (၃) အခွင့်အရေးနှင့် တာဝန်ရှိမှုများ။

၂။ အခန်း (၂)

အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်ဆိုင်းခြင်းနှင့် ထုတ်ပယ်ခြင်း။

ပုဒ်မ (၄) နုတ်ထွက်ခြင်း။

ပုဒ်မ (၅) တာဝန်မှ ရပ်ဆိုင်းခြင်းနှင့် ထုတ်ပယ်ခြင်း

၃။ အခန်း (၃)

ညီလာခံ

ပုဒ်မ (၆) ညီလာခံ။

ပုဒ်မ (၇) ညီလာခံဖွဲ့စည်းမှု။

ပုဒ်မ (၈) ညီလာခံကိုယ်စားလှယ်များနှင့် ကိုယ်စားပြုသူများ။

၄။ အခန်း (၄)

ညီလာခံကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ထုံးလုပ်နည်းများ

ပုဒ်မ (၉) အရည်အချင်းစစ်ဆေးခြင်းနှင့် အမည်စာရင်းတင်သွင်းခြင်း။

၅။ အခန်း (၅)

ရွေးကောက်ပွဲ

ပုဒ်မ (၁၀) ရွေးကောက်ပွဲ။

ပုဒ်မ (၁၁) ညီလာခံ ဦးဆောင်မှုအဖွဲ့။

ပုဒ်မ (၁၂) ညီလာခံအတွင်းရေးမှူးအဖွဲ့။

ပုဒ်မ (၁၃) ဆန္ဒမဲပေးခြင်း။

ပုဒ်မ (၁၄) ညီလာခံ အစီအစဉ်များ။

ပုဒ်မ (၁၅)အရည်အချင်းစစ်ဆေးရေးကော်မတီနှင့် လုပ်ထုံးလုပ်နည်းများသတ်မှတ်ရေးကော်မတီ

၁) အရည်အချင်းစစ်ဆေးရေးကော်မတီ

၂) ညီလာခံလုပ်ထုံးလုပ်နည်းများသတ်မှတ်ရေးကော်မတီ

၆။ အခန်း (၆)

ဗဟိုကော်မတီ (မူဝါဒရေးရာ ဦးဆောင်မှုအဖွဲ့)

ပုဒ်မ (၁၆) ဗဟိုကော်မတီဖွဲ့စည်းခြင်း။
ပုဒ်မ (၁၇) ဗဟိုကော်မတီ၏ အခွင့်အာဏာ။
ပုဒ်မ (၁၈) ဗဟိုကော်မတီ အဖွဲ့ဝင်နေရာ လစ်လပ်မှု။
ပုဒ်မ (၁၉) အစည်းအဝေးများ။
ပုဒ်မ (၂၀) တာဝန်နှင့် လုပ်ပိုင်ခွင့်များ။
ပုဒ်မ (၂၁) ဗဟိုကော်မတီ အစည်းအဝေး အစီအစဉ်။

၇။ အခန်း (၇)

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ပုဒ်မ (၂၂) ဗဟိုအလုပ်အမှုဆောင်ကော်မတီ (အမှုဆောင်အဖွဲ့)
ပုဒ်မ (၂၃) ကော်မတီများ
ပုဒ်မ (၂၄) ဥက္ကဋ္ဌ၏ တာဝန်များ
ပုဒ်မ (၂၅) ဒုတိယ ဥက္ကဋ္ဌ၏ တာဝန်များ
ပုဒ်မ (၂၆) အထွေထွေအတွင်းရေးမှူး၏ တာဝန်များ
ပုဒ်မ (၂၇) လက်ထောက်အထွေထွေအတွင်းရေးမှူး၏ တာဝန်များ
ပုဒ်မ (၂၈) ဘဏ္ဍာရေးမှူး၏ တာဝန်များ

၈။ အခန်း (၈)

ဘဏ္ဍာရေး

ပုဒ်မ (၂၉) အဖွဲ့ဝင်ကြေးနှင့် လစဉ်ကြေး
ပုဒ်မ (၃၀) သွေးစည်းညီညွတ်ရေး ရန်ပုံငွေ
ပုဒ်မ (၃၁) အခြားသော ဘဏ္ဍာရေး အရင်းအမြစ်များ
ပုဒ်မ (၃၂) အဖွဲ့ချုပ်က ကျခံမည့် အသုံးစရိတ်များ သတ်မှတ်ခြင်း
ပုဒ်မ (၃၃) ဖွဲ့စည်းပုံ ပြင်ဆင်ခြင်း

၉။ အခန်း (၉)

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်ဖြစ်ခြင်းနှင့် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်း။

ပုဒ်မ (၃၄) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်ဖြစ်ခြင်းနှင့် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်း

၁၀။ အခန်း (၁၀)

အထွေထွေပြဋ္ဌာန်းချက်များ

ပုဒ်မ (၃၅) အမှတ်တံဆိပ်
ပုဒ်မ (၃၆) အလံ
ပုဒ်မ (၃၇) ရုံးတံဆိပ်

၁၁။ အခန်း (၁၁)

အဖွဲ့ချုပ်မှ ဖျက်သိမ်းခြင်း

ပုဒ်မ (၃၈) အဖွဲ့ချုပ်ကို ဖျက်သိမ်းခြင်း

## အသွင်ကူးပြောင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ
## (၂၀၁၄ ခုနှစ် မှ ၂၀၁၉ ခုနှစ်အထိ)

**၁၁။ အခန်း (၁)**

အဖွဲ့ဝင်ခြင်းနှင့် အဖွဲ့ဝင်ဖြစ်ခြင်း

ပုဒ်မ (၁) အဖွဲ့ဝင်ခြင်းနှင့် အဖွဲ့ဝင်ဖြစ်ခြင်း

**၁၂။ အခန်း (၂)**

ဖက်ဒရေးရှင်းဖွဲ့စည်းမှု

ပုဒ်မ (၂) ဖက်ဒရေးရှင်း ဖွဲ့စည်းမှု

**၁၃။ အခန်း (၃)**

အထူးပြဋ္ဌာန်းချက်များ

ပုဒ်မ (၃) အထူး ပြဋ္ဌာန်းချက်များ

အထူးပြဋ္ဌာန်းချက် ၂ - ဖက်ဒရေးရှင်း တွဲဖက်အဖွဲ့ဝင်များ

**၁၄။ အခန်း (၄)**

လုပ်ထုံးလုပ်ငန်းများ

ပုဒ်မ (၄) အထွေထွေ

ပုဒ်မ (၅) မျက်နှာစုံညီ အစည်းအဝေး

ပုဒ်မ (၆) ညီလာခံဖွင့်ပွဲ အခမ်းအနား

ပုဒ်မ (၇) အရည်အချင်းစစ်ဆေးမှုကို ကန့်ကွက်ခြင်း

ပုဒ်မ (၈) ကော်မတီများ

ပုဒ်မ (၉) ဘာသာစကား

ပုဒ်မ (၁၀) ညီလာခံတွင် ဆွေးနွေးခွင့်

ပုဒ်မ (၁၁) အဆိုပြုချက်များ၊ ဆုံးဖြတ်ချက်များ၊ ပြင်ဆင်ဖြည့်စွက်ချက်များ

ပုဒ်မ (၁၂) ဆန္ဒမဲပေးခြင်း

**၁၅။ အခန်း (၅)**

ဖက်ဒရေးရှင်း လုပ်ထုံးလုပ်နည်းများ

ပုဒ်မ (၁၃) အထွေထွေ

ပုဒ်မ (၁၄) ဖက်ဒရေးရှင်း အစည်းအဝေးများ

ပုဒ်မ (၁၅) အစည်းအဝေးများသို့ တက်ရောက်ခွင့်

ပုဒ်မ (၁၆) အစည်းအဝေး အစီအစဉ်

ပုဒ်မ (၁၇) ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ

ပုဒ်မ (၁၈) အထူးကော်မတီများ

ပုဒ်မ (၁၉) ဆန္ဒမဲပေးခြင်းနှင့် နည်းစနစ်များ

ပုဒ်မ (၂၀) ဆုံးဖြတ်ချက်များ၊ ပြင်ဆင်ဖြည့်စွက်ချက်များနှင့် အဆိုပြုချက်များ

၁၆။ အခန်း (၆)

အစီရင်ခံစာများ၊ အစည်းအဝေးမှတ်တမ်းများနှင့် သတင်းထုတ်ပြန်ချက် (ကြေညာချက်)

ပုဒ်မ (၂၁) အစီရင်ခံစာများ၊ အစည်းအဝေးမှတ်တမ်းများနှင့် သတင်းထုတ်ပြန်ချက် (ကြေညာချက်)

၁၇။ အခန်း (၇)

ဗဟိုအလုပ်အမှုဆောင်ကော်မတီ လုပ်ထုံးလုပ်နည်းများ

ပုဒ်မ (၂၂) အစည်းအဝေးများ

ပုဒ်မ (၂၃) အစည်းအဝေး အစီအစဉ်

ပုဒ်မ (၂၄) ဆန္ဒမဲပေးခြင်း

ပုဒ်မ (၂၅) မှတ်တမ်းနှင့် အစီရင်ခံစာများ

၁၈။ အခန်း (၈)

လူငယ်ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ပုဒ်မ (၁) လူငယ်ကော်မတီ ဖွဲ့စည်းခြင်း

ပုဒ်မ (၂) တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ပုဒ်မ (၃) အဖွဲ့ဝင်များနှင့် တွဲဖက်အဖွဲ့ဝင်များ

ပုဒ်မ (၄) လုပ်ထုံးလုပ်နည်းများ

ပုဒ်မ (၅) လူငယ်ကော်မတီ အဖွဲ့ဝင်များ

ပုဒ်မ (၆) လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ

ပုဒ်မ (၇) အသက်အပိုင်းအခြား

ပုဒ်မ (၈) လုပ်ငန်းသုံး ဘာသာစကား

၁၉။ အခန်း (၉)

အမျိုးသမီးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ပုဒ်မ (၁) အမျိုးသမီးကော်မတီ ဖွဲ့စည်းခြင်း

ပုဒ်မ (၂) တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ပုဒ်မ (၃) အဖွဲ့ဝင်များနှင့် တွဲဖက်အဖွဲ့ဝင်များ

ပုဒ်မ (၄) လုပ်ထုံးလုပ်နည်းများ

ပုဒ်မ (၅) အမျိုးသမီးကော်မတီ အဖွဲ့ဝင်များ

ပုဒ်မ (၆) လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ

ပုဒ်မ (၇) လုပ်ငန်းသုံး ဘာသာစကား

ပုဒ်မ (၈) အတွင်းရေးမှူးအဖွဲ့

၂၀။ အခန်း (၁၀)

ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ပုဒ်မ (၁) ကော်မတီ၏ အမည်

ပုဒ်မ (၂) ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ ဖွဲ့စည်းခြင်း

ပုဒ်မ (၃) ကော်မတီတာဝန်ခံများ

ပုဒ်မ (၄)ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ၏ လုပ်ငန်းနှင့် တာဝန်ရှိမှုများ

ပုဒ်မ (၅) အစ်ညးအဝေးများ

ပုဒ်မ (၆) အစ်ညအားဝေးအထမြောက်ခြင်းနှင့် မဲပေးခြင်း

ပုဒ်မ (၇) လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ

ပုဒ်မ (၈) လုပ်ငန်းသုံး ဘာသာစကား

ပုဒ်မ (၉) စာရင်းစစ်ဆေးခြင်း

၂၁။ အခန်း (၁၁)

မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM ၏ သွေးစည်းညီညွတ်ရေး ရန်ပုံငွေအား ခွဲဝေသုံးစွဲခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ

# မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏
# ဖွဲ့စည်းပုံအခြေခံဥပဒေ

မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) သည် မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ အကျိုးစီးပွားနှင့် ၎င်းတို့၏ အခွင့်အရေးများ ကာကွယ်ရန်နှင့် မြှင့်တင်ရန် ခွဲခြားခြင်းမရှိဘဲ ဆောင်ရွက်သည်။ အလုပ်သမားထု ညီညွတ်ရေး၊ သွေးစည်းညီညွတ်ရေးကို တည်ဆောက်၍ လုပ်ငန်းခွင်တွင်သာမက လူမှုအဖွဲ့အစည်း တစ်ခုလုံး၌ပါ ဘေးအန္တရာယ်ကင်းရှင်းစွာ၊ ဂုဏ်သိက္ခာရှိစွာဖြင့် လုပ်အားမျှတသော လုပ်ခရရှိစေရန်နှင့် အကျိုးခံစားခွင့်များ ဆောင်ရွက်သည်။

## အခန်း(၁)
## အမည်၊ အဖွဲ့ဝင်ဖြစ်ခြင်းနှင့် အဖွဲ့ဝင်ဖြစ်ခွင့်၊ အခွင့်အရေးနှင့် တာဝန်ရှိမှုများ

### ပုဒ်မ (၁) အမည်

ဤအဖွဲ့အစည်း၏ အမည်ကို မြန်မာဘာသာဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် ဟု ခေါ်တွင်စေရမည်။ အင်္ဂလိပ်ဘာသာဖြင့် Confederation of Trade Unions Myanmar (CTUM) ဟု ခေါ်တွင်စေရမည်။

### ပုဒ်မ (၂) အဖွဲ့ဝင်ဖြစ်ခွင့်နှင့် အဖွဲ့ဝင်ဖြစ်ခြင်း

(က) ဒီမိုကရေစီနည်းကျ၊ လွတ်လပ်စွာဖွဲ့စည်းသော လုပ်ငန်းကဏ္ဍ အလိုက်စုဖွဲ့ထားသည့် အဖွဲ့ချုပ်များ၊ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အလုပ်သမား အဖွဲ့အစည်းများသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ် လျှောက်ထားသော လျှောက်လွှာများကို စိစစ်၍ အဖွဲ့ဝင်အဖြစ် လက်ခံရန် ဆုံးဖြတ်ပေးရမည်။

### ပုဒ်မ (၃) အခွင့်အရေးနှင့် တာဝန်ရှိမှုများ

(က) အဖွဲ့ဝင်အဖွဲ့အစည်းများသည် တူညီသော အခွင့်အရေးနှင့် တာဝန်များရှိသည်။ အဖွဲ့ဝင်များသည် သတင်းအချက်အလက်များအား ပုံမှန်ရရှိခွင့်၊ အဖွဲ့ချုပ်၏ ရှင်သန်ရပ်တည်မှုနှင့် လုပ်ငန်းများ လှုပ်ရှားဆောင်ရွက်မှုများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပါဝင်ဆောင်ရွက်ခြင်း ရှိရမည်။

(ခ) အဖွဲ့ချုပ်မှ အကောင်အထည်ဖော်ဆောင်ရွက်စေလိုသော လုပ်ငန်းများကို တင်ပြဆွေးနွေးခွင့် ရှိသည်။

(ဂ) အဖွဲ့ဝင် အဖွဲ့အစည်းများသည် ၎င်းတို့၏ မူဝါဒရေးဆွဲရာတွင် အဖွဲ့ချုပ်ညီလာခံ ဆုံးဖြတ်ချက်များနှင့် အဖွဲ့ချုပ်၏ အုပ်ချုပ်မှု အဆင့်ဆင့်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အဖွဲ့ချုပ်သို့ သတင်းပေးပို့ရန် တာဝန်ရှိသည်။ အဖွဲ့ချုပ်သို့ ဘဏ္ဍာငွေထည့်ဝင်ရန် တာဝန်ရှိသည်။

(ဃ) အဖွဲ့ချုပ်မှဦးစီးဆောင်ရွက်သော လုပ်ငန်းကဏ္ဍ၊ အမျိုးအစားအလိုက် အစည်းအဝေးများတွင် တက်ရောက်ခွင့်၊ ရွေးကောက်ပွဲများတွင် ပါဝင်အရွေးချယ်ခံပိုင်ခွင့်ရှိသည်။

(င) အဖွဲ့ချုပ်မှအကောင်အထည်ဖော်ဆောင်ရွက်သော ဖွံ့ဖြိုးရေးကိစ္စများတွင် အကျိုးခံစားခွင့်ရှိသည်။

အခန်း (၂)

အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်ဆိုင်းခြင်းနှင့် ထုတ်ပယ်ခြင်း

ပုဒ်မ (၄) နုတ်ထွက်ခြင်း

(က) အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခုသည် အဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုပါက ဥက္ကဋ္ဌထံသို့ လိပ်မူ၍ (၃) လ ကြိုတင် အသိပေးအကြောင်းကြားရမည်။

(ခ) နုတ်ထွက်ရန် အသိပေးအကြောင်းကြားစာကို တရားဝင်လက်ခံရန်အလို့ငှာ နုတ်ထွက်လိုသည့် အဖွဲ့အစည်းသည် အဖွဲ့ချုပ်သို့ လစဉ်ကြေးပေးသွင်းရန် ကြွေးကျန်မရှိသည့် အခြေအနေတွင် ဖြစ်ရမည်။ အဖွဲ့ချုပ်သို့ လစဉ်ကြေး ပေးသွင်းရန် ကြွေးကျန်ရှိပါက အကျေပေးသွင်းရန် တာဝန်ရှိသည်။ အဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခွင့်ကို လျှောက်လွှာထားပါက ဗဟိုကော်မတီမှ သတ်မှတ်သည့် အဖွဲ့ဝင်ကြေးနှုန်းထားများအား ထည့်ဝင်ရမည်။

ပုဒ်မ (၅) တာဝန်မှရပ်ဆိုင်းခြင်းနှင့် ထုတ်ပယ်ခြင်း

မည်သည့်အဖွဲ့ဝင် အဖွဲ့အစည်းမဆို ၎င်းတို့၏လုပ်ဆောင်ချက်သည် အဖွဲ့ချုပ်၏ အကျိုးစီးပွားကို ချိုးဖောက်သည်ဟု ဗဟိုကော်မတီ နှင့် ညီလာခံမှယူဆပါက ဗဟိုကော်မတီမှ အဖွဲ့ဝင်အဖွဲ့အစည်းအဖြစ် ရပ်ဆိုင်းခွင့်ရှိသည်။ ညီလာခံမှ ထုတ်ပယ်ခွင့်ရှိသည်။

အခန်း (၃)

ညီလာခံ

ပုဒ်မ (၆) ညီလာခံ

(က) အဖွဲ့ချုပ်၏ မူဝါဒနှင့် လုပ်ငန်းစဉ်များဆုံးဖြတ်ရာတွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ညီလာခံသည် အမြင့်ဆုံး အာဏာရှိသော အဖွဲ့အစည်းဖြစ်သည်။

(ခ) အဖွဲ့ချုပ်၏ ပုံမှန်ညီလာခံကို အနည်းဆုံး (၅) နှစ်တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။ ညီလာခံကျင်းပမည့် နေ့ရက်နှင့် နေရာတို့ကို အဖွဲ့ဝင်အဖွဲ့အစည်းများမှ တင်ပြအဆိုပြုချက်အပေါ် အခြေခံ၍ ဗဟိုကော်မတီမှ ဆုံးဖြတ်သတ်မှတ် ပေးရမည်။ ညီလာခံမကျင်းပမီ ၁၂ လထက် နောက်မကျစေဘဲ အဖွဲ့ဝင် အဖွဲ့အစည်းများအား ဆက်သွယ်အကြောင်း ကြားရမည်။

ပုံမှန်ညီလာခံများတွင်-

(ခ-၁) အဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်ပြီးစီးမှုများ၊ ဘဏ္ဍာရေး အစီရင်ခံစာများကို အစီရင်ခံတင်ပြရမည်။

(ခ-၂) အလုပ်သမားသမဂ္ဂ၏ မူဝါဒဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခြင်း။

(ခ-၃) အဖွဲ့ချုပ်၏ ညီလာခံသက်တမ်းအတွင်း ဆောင်ရွက်ရန် လုပ်ငန်းများကို တင်ပြဆွေးနွေးခြင်း။

(ခ-၄) လိုအပ်ပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ခြင်းအတွက် တက်ရောက်လာသော ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း။

(ခ-၅) အဖွဲ့ချုပ် အဖွဲ့ဝင်အဖွဲ့အစည်းများမှ တင်ပြလာသည့် ကိစ္စရပ်များအား ဆွေးနွေးဆုံးဖြတ်ခြင်း ပြုရမည်။

(ဂ) မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသဂ္ဂများအဖွဲ့ချုပ်၏ ဗဟိုကော်မတီကို အဖွဲ့ဝင် (၂၉) ဦးဖြင့် ဖွဲ့စည်းသည်။ ညီလာခံတွင် ဗဟိုကော်မတီအဖွဲ့ဝင်များ (အများဆုံး ၂၉ ဦး) နှင့် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အထွေထွေအတွင်း

ရေးမှူး၊ လက်ထောက်အထွေထွေ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးတို့ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များ (အများဆုံး ၅ ဦး) ကို ရွေးချယ်ရမည်။

(ဂ-၁) ဗဟိုအလုပ်အမှုဆောင်ကော်မတီများသည် ညီလာခံ၏ သက်တမ်းအတွင်း ဗဟိုကော်မတီ၏ ယုံကြည်မှုကို ရရှိသည့် ကာလတစ်လျှောက်တွင် ၎င်းတို့သည် အဖွဲ့ချုပ်တွင် ဆက်လက် တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

(ဂ-၂) ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များ၏ နေရာလစ်လပ်ပါက ဗဟိုကော်မတီသည် လစ်လပ်သွားသည့် အလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်၏ နေရာတွင် လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ယာယီအဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်နိုင်သည်။

(ဂ-၃) အရေးပေါ်ညီလာခံများကို ခေါ်ယူနိုင်ရန်ဗဟိုကော်မတီတွင် အခွင့်အာဏာရှိသည်။

## ပုဒ်မ (၇) ညီလာခံဖွဲ့စည်းမှု

အောက်ပါတွက်ချက်မှုများအတိုင်း အဖွဲ့ဝင်ဦးရေ ၂၅၀ နှင့် အထက်ရှိသော အဖွဲ့ဝင်များသည် ကိုယ်စားလှယ် (၁) ဦး နှုန်းဖြင့် မှတည်၍ အဖွဲ့ဝင်ကြေးပေးဆောင်သည့် အဖွဲ့ဝင်အရေအတွက်ပေါ်တွင် အခြေခံထားသော အဖွဲ့ဝင်အဖွဲ့စည်းများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များဖြင့် ညီလာခံကို ဖွဲ့စည်း သည်။

| | |
|---|---|
| အဖွဲ့ဝင်ဦးရေ ၂၅၀ မှ ၄၉၉ အထိ ကိုယ်စားလှယ် | ၁ ဦး |
| အဖွဲ့ဝင်ဦးရေ ၅၀၀ မှ ၇၄၉ အထိ ကိုယ်စားလှယ် | ၂ ဦး |
| အဖွဲ့ဝင်ဦးရေ ၇၅၀ မှ ၉၉၉ အထိ ကိုယ်စားလှယ် | ၃ ဦး |
| အဖွဲ့ဝင်ဦးရေ ၁၀၀၀ မှ ၁၂၄၉ အထိ ကိုယ်စားလှယ် | ၄ ဦး |
| အဖွဲ့ဝင်ဦးရေ ၁၂၅၀ မှ ၁၄၉၉ အထိ ကိုယ်စားလှယ် | ၅ ဦး |
| အဖွဲ့ဝင်ဦးရေ ၁၅၀၀ မှ ၁၇၄၉ အထိ ကိုယ်စားလှယ် | ၆ ဦး |
| အဖွဲ့ဝင်ဦးရေ ၁၇၅၀ မှ ၁၉၉၉ အထိ ကိုယ်စားလှယ် | ၇ ဦး |
| အဖွဲ့ဝင်ဦးရေ ၂၀၀၀ မှ ၂၂၄၉ အထိ ကိုယ်စားလှယ် | ၈ ဦး |
| အဖွဲ့ဝင်ဦးရေ ၂၂၅၀ မှ ၂၄၉၉ အထိ ကိုယ်စားလှယ် | ၉ ဦး |
| အဖွဲ့ဝင်ဦးရေ ၂၄၅၀ မှ ၂၉၉၉ အထိ ကိုယ်စားလှယ် | ၁၀ဦး |

...............

...............

## ပုဒ်မ (၈) ညီလာခံကိုယ်စားလှယ်များနှင့် ကိုယ်စားပြုသူများ

(က) ညီလာခံသို့ ကိုယ်စားပြု တက်ရောက်သူများဆိုသည်မှာ အဖွဲ့အစည်းများမှ တက်ရောက်လာသည့် ဆန္ဒမဲပေးပိုင်ခွင့်၊ ဆွေးနွေးပိုင်ခွင့် မရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်။

(ခ) အဖွဲ့ဝင်အဖွဲ့အစည်းများသည် ၎င်းတို့၏ ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် ညီလာခံ၌ ကျား/မ တန်းတူညီမျှမှုကို အလေးထားမြှင့်တင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ရမည်။ ကိုယ်စားလှယ်စုဖွဲ့မှုသည် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ ကျား/မ တန်းတူမှုကို ထင်ဟပ်စေသည်။

(ဂ) အလုပ်သမားသမဂ္ဂ လုပ်ရှားမှုအောက်တွင် လူငယ်များပါဝင်လာစေရန် ရည်ရွယ်ကို ထည့်သွင်းစဉ်းစား၍ ဗဟိုကော်မတီသည် ပုံမှန် ညီလာခံများတွင် လူငယ်များပါဝင်မှုကို ၁၀ ရာခိုင်နှုန်းထက်မနည်းစေရန် ဦးတည်ချက်ထား၍ ဆောင်ရွက်ရမည်။

(ဃ) ကိုယ်စားလှယ်များသည် ညီလာခံတွင် ဆွေးနွေးတင်ပြခွင့်၊ မဲပေးပိုင်ခွင့်ရှိသည်။

(င) ညီလာခံတွင် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် လေ့လာသူများ၊ ဧည့်သည်တော်များအား ဖိတ်ကြားနိုင်သည်။ ညီလာခံဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ညီလာခံတွင် တင်ပြဆွေးနွေးခွင့်ရှိသည်။ သို့ရာတွင် မဲပေးပိုင်ခွင့် မရှိစေရ။

(စ) ညီလာခံသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် ကိုယ်စားပြုသူများ၏ ကုန်ကျစရိတ်များ (ခရီးစရိတ်၊ လမ်းခရီးအတွင်းစားစရိတ်၊ လမ်းခရီးနှင့် ညီလာခံကာလအတွင်း တည်းခိုနေထိုင်စရိတ်များ စသည်) ကို သက်ဆိုင်ရာ အဖွဲ့ဝင်အဖွဲ့အစည်းများမှကျခံစေရမည်။

## အခန်း (၄)

## ညီလာခံကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ထုံးလုပ်နည်းများ

**ပုဒ်မ (၉) အရည်အချင်းစစ်ဆေးခြင်းနှင့် အမည်စာရင်းတင်သွင်းခြင်း**

(က) အဖွဲ့ဝင်အဖွဲ့အစည်းများသည် ၎င်းတို့အား ကိုယ်စားပြုသူများ၏ အမည်စာရင်းများကို ဗဟိုကော်မတီမှ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဥက္ကဋ္ဌထံသို့ တင်ပြရမည်။

(ခ) အဖွဲ့ဝင်အဖွဲ့အစည်းများသည် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း-

(ခ-၁) အရည်အချင်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင် (၅) ဦး

(ခ-၂) ညီလာခံလုပ်ထုံးလုပ်နည်းများ သတ်မှတ်ရေး ကော်မတီ (၅) ဦးနှင့်

(ခ-၃) ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၅) ဦး၏ အမည်စာရင်းများကို ပေးပို့ရမည်။

## အခန်း (၅)

## ပုဒ်မ (၁၀) ရွေးကောက်ပွဲ

**(၁) ဗဟိုကော်မတီ**

(က) ညီလာခံတွင် ဗဟိုကော်မတီဖွဲ့စည်းရန် အမည်စာရင်း အဆိုပြုတင်သွင်းသူစာရင်းမှာ (၂၀) ဦးနှင့် အထက်ဖြစ်ပါက ညီလာခံတွင် ဗဟိုကော်မတီရွေးချယ်ရန် ရွေးကောက်ပွဲကိုပြုလုပ်ရမည်။

(ခ) ရွေးကောက်ပွဲတွင် မဲအများဆုံးရရှိသူ (၂၀) ဦးအား ဗဟိုကော်မတီ အဖွဲ့ဝင်များအဖြစ်ဆုံးဖြတ်ရမည်။

**(၂) ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ မည်သည့် နေရာအတွက်မဆို အမည်စာရင်းတင်သွင်းမှု (၂) ဦး သို့မဟုတ် (၂)ဦး ထက်ပိုမို၍ လက်ခံရရှိပါက ရွေးကောက်ပွဲကိုပြုလုပ်ရမည်။

(ခ) ရွေးကောက်ပွဲများကို ညီလာခံ ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

**ပုဒ်မ (၁၁) ညီလာခံဦးဆောင်အဖွဲ့**

(က) ညီလာခံဦးဆောင်အဖွဲ့ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီဖြင့် ဖွဲ့စည်းရမည်။

(ခ) ညီလာခံနှင့် ညီလာခံဦးဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ မှ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ညီလာခံဦးဆောင်အဖွဲ့သည် ညီလာခံကာလအတွင်း အရေးပေါ်ဆောင်ရွက်ရန် ကိစ္စများကို ဖြေရှင်းဆောင်ရွက်ရမည်။

ပုဒ်မ (၁၂) ညီလာခံအတွင်းရေးမှူးအဖွဲ့

အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးသည် ညီလာခံ၏ အတွင်းရေးမှူးချုပ် ဖြစ်သည်။

ပုဒ်မ (၁၃) ဆန္ဒမဲပေးခြင်း

(က) ညီလာခံမှဆုံးဖြတ်သည့် မည်သည့် ဆုံးဖြတ်ချက်ကိုမဆို ဆုံးဖြတ်ရာတွင် ဖြစ်နိုင်သမျှ သဘောတူညီမှု ကျယ်ပြန့်စွာရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရမည်။ သို့သော် ဆန္ဒမဲခံယူသည့်အခါ ညီလာခံ၏ ဆုံးဖြတ်ချက်များကို ဤဖွဲ့စည်းပုံတွင် ပြဋ္ဌာန်းထားသည့်အခြားပြဋ္ဌာန်းချက်များအပ ကိုယ်စားလှယ်များ၏ ထက်ဝက်မဲ ကျော် ဖြင့် ဆုံးဖြတ်ရမည်။

(ခ) ဆန္ဒမဲပေးခြင်းသည် လုပ်ထုံးလုပ်နည်းအရ လက်ထောင်စနစ်ကို ကျင့်သုံးမည်။ သို့သော် ညီလာခံ တက်ရောက်သည့် အရည်အချင်းစစ်ဆေးခံပြီးသော ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းမှ တောင်းဆိုလာ ပါက ညီလာခံ တက်ရောက်သူ ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ အမည်စာရင်းအားခေါ်၍ တစ်ဦးလျှင် မဲတစ်မဲနှုန်းဖြင့် မဲထည့် စေရမည်။ ကိုယ်စားလှယ်တစ်ဦးချင်းစီမှ မဲပေးသည့် အရေအတွက်သည် ညီလာခံတွင် တက်ရောက်ခွင့် ရှိသည့် အရည်အချင်း စစ်ဆေးပြီးသော ကိုယ်စားလှယ် အရေအတွက် နှင့် တူညီရမည်။

ပုဒ်မ (၁၄) ညီလာခံအစီအစဉ်များ

(က) ညီလာခံ၏ အစီအစဉ်များကို ဗဟိုကော်မတီမှ အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီး ပြင်ဆင်ပေး ရမည်။

(ခ) ဥက္ကဋ္ဌ သည် ဗဟိုကော်မတီမှဆုံးဖြတ်ထားသည့် အချိန်ကာလအတွင်း ညီလာခံ အစီအစဉ်များအား အဖွဲ့ဝင် အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးပို့ရမည်။ အဖွဲ့ဝင်အဖွဲ့အစည်းများမှ ညီလာခံ အစီအစဉ်များနှင့်စပ်လျဉ်း ၍ အကြံပြုချက်များကို ပေးပို့ရန် ဖိတ်ခေါ်ရမည်။ ထိုအကြံပြုချက်များသည် ဗဟိုကော်မတီမှ ဆုံးဖြတ်ထား သည့် အချိန်ကာလအတွင်း ဥက္ကဋ္ဌထံသို့ ရောက်ရှိရမည်။

(ဂ) ဗဟိုကော်မတီသည် ပေးပို့လာသည့် အဆိုပြုချက်များ၊ ပြင်ဆင်ဖြည့်စွက်ချက်များနှင့် ပတ်သက်၍ အကြံပြု ချက်များ ပြုလုပ်ခွင့်ရှိသည်။

ပုဒ်မ (၁၅) အရည်အချင်းစစ်ဆေးရေး ကော်မတီနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရေးကော်မတီ

(က) အဖွဲ့ဝင်များထံမှရရှိသည့် အဆိုပြုအမည်စာရင်းပေါ်မူတည်၍ ကျားမအခွင့်အရေး ညီမျှရေးမူဝါဒကို ကျင့်သုံး ကာ ဗဟိုကော်မတီသည် အရည်အချင်းစစ်ဆေးရေးကော်မတီနှင့် လုပ်ထုံးလုပ်နည်းကော်မတီကို ဖွဲ့စည်း ရမည်။

(ခ) ထိုကော်မတီ နှစ်ရပ်သည် ညီလာခံခေါ်ယူနိုင်ရန် အဓိကရည်ရွယ်ချက်ထား၍ ချက်ချင်းဆောင်ရွက်ရမည်။ ညီလာခံ၏ ပထမဆုံးလုပ်ငန်းဆောင်ရွက်သည့် အစည်းအဝေးကျင်းပချိန်တွင် ၎င်းတို့၏ ပထမဆုံး အစီရင်ခံ စာ ကို တင်သွင်းရမည်။ ညီလာခံမှ ကော်မတီ အဖွဲ့ဝင်များအား အတည်ပြု ပေးရမည်။

(ဂ) အရည်အချင်းစစ်ဆေးရေးကော်မတီသည်-

(ဂ-၁) ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်စာရင်းအား ပြင်ဆင်ပေးရမည်။

(ဂ-၂) ညီလာခံတွင်ပါဝင်သည့် ကိုယ်စားလှယ်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို တင်သွင်းပေး ရမည်။ ထို့ပြင် ၎င်းတို့၏ မဲပေးပိုင်ခွင့် အခွင့်အရေးကို တင်ပြပေးရမည်။

(ဂ-၃) ကိုယ်စားလှယ်များ၏ ညီလာခံတက်ရောက်မှုကို ကန့်ကွက်လာသည့် မည်သည့် ကန့်ကွက်မှုကိုမဆို စဉ်းစား စိစစ်ပေးရမည်။

(ဂ-၄) ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီအတွက် အမည်စာရင်းပေးသွင်းခံရသူများ၏ အရည်အချင်းပြည့်မီမှုကို စစ်ဆေးရမည်။

(ဂ-၅) ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီအတွက် သတ်မှတ်ထားသည့် အရေအတွက်ထက် အမည်စာရင်းတင်သွင်းမှု ရရှိပါက ညီလာခံသို့ တင်ပြရမည်။

(ဃ) ညီလာခံလုပ်ထုံးလုပ်နည်းများသတ်မှတ်ရေးကော်မတီ

ညီလာခံလုပ်ထုံးလုပ်နည်းများ သတ်မှတ်ရေး ကော်မတီသည် ဗဟိုကော်မတီမှ အကြံပြုတင်ပြသည့် ညီလာခံ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ၊ အဆိုပြုချက်များထည့်သွင်းစဉ်စားရမည်-

(ဃ-၁) ညီလာခံတွင် စဉ်းစားရန် လုပ်ထုံးလုပ်နည်း မူကြမ်းများ၊ အစီရင်ခံစာကို ညီလာခံသို့ တင်ပြရမည်။

(ဃ-၂) အချိန်ဇယားရေးဆွဲခြင်းနှင့် ညီလာခံတွင် ဆောင်ရွက်မည့် ကိစ္စရပ်များကို ပြင်ဆင်ရမည်။

(ဃ-၃) ညီလာခံ အထူးကော်မတီ များ၏ ကော်မတီဖွဲ့စည်းခြင်း၊ ကော်မတီတွင်ပါဝင်ခြင်း၊ သက်တမ်း၊ လုပ်ဆောင်ရန်များနှင့် စပ်လျဉ်း၍ အဆိုပြုတင်ပြရမည်။

(ဃ-၄) ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ညီလာခံသို့ အစီရင်ခံစာတင်ပြရမည်။

(ဃ-၅) မည်သည့်ပြဿနာရပ်များမဆို သင့်လျော်စွာ ဖြေရှင်းဆောင်ရွက်ရန်အတွက် ဆုံးဖြတ်ချက် ချမှတ်ရန် လိုအပ်ပါက ညီလာခံသို့ အစီရင်ခံတင်ပြရမည်။

(ဃ-၅) ညီလာခံတွင်ဖြန့်ဝေရန် စာတမ်း၊ မှတ်တမ်း၊ အချက်အလက်များအား တောင်းခံရမည်။

## အခန်း(၆)

## ဗဟိုကော်မတီ (မူဝါဒရေးရာ ဦးဆောင်အဖွဲ့)

### ပုဒ်မ (၁၆) ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(က) ဗဟိုကော်မတီကို အောက်ပါအတိုင်း ညီလာခံမှ ရွေးကောက်တင်မြှောက်ပြီး ဖွဲ့စည်းသည်။

(က-၁) မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖွဲ့ အစည်းများမှ ပေးပို့သော ညီလာခံ တက်ရောက်သူ ကိုယ်စားလှယ်များမှ အများဆုံး (၂၀) ဦး၊

(က-၂) ဗဟိုအလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များ (၅) ဦး၊

(က-၃) အမျိုးသမီးကော်မတီ နှင့် လူငယ်ကော်မတီ၏ ဥက္ကဋ္ဌ ၂ ဦး၊ ဒုဥက္ကဋ္ဌ ၂ ဦး၊

(ခ) ဗဟိုကော်မတီအဖွဲ့ဝင်များတွင် အမျိုးသမီးအဖွဲ့ဝင်ဦးရေ အနည်းဆုံး ၃၀ ရာခိုင်နှုန်း (၃၀%) ပါဝင် စေရန် ဦးတည်ဆောင်ရွက်ရမည်။

(ဂ) ညီလာခံသို့ ကိုယ်စားပြုတက်ရောက်သည့် အဖွဲ့ဝင်အဖွဲ့အစည်းများအားလုံးသည် ဗဟိုကော်မတီ အဖွဲ့ဝင် များအတွက် အမည်စာရင်းတင်သွင်းခြင်းကိစ္စရပ်များ စီစဉ်ဆောင်ရွက်ရာတွင် ပါဝင်ခွင့်ရှိသည်။

(ဃ) အထက်တွင် ဖော်ပြထားသော ဗဟိုကော်မတီ ဖွဲ့စည်းမှုကို အခြေခံ၍ ဗဟိုကော်မတီ အဖွဲ့ဝင်တစ်ဦး ချင်းစီ အတွက် အရံကိုယ်စားလှယ် (၁)၊ အရံကိုယ်စားလှယ်(၂)ကို ညီလာခံမှ ရွေးကောက် တင်မြှောက်ရမည်။

### ပုဒ်မ (၁၇) ဗဟိုကော်မတီ၏အခွင့်အာဏာ

(က) ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အရံကိုယ်စားလှယ်များသည် အဖွဲ့ချုပ်တစ်ခုလုံးကို ကိုယ်စားပြုသည်ဟု မှတ်ယူရမည်။ ဗဟိုကော်မတီ အဖွဲ့ဝင်တစ်ဦးလျှင် ဆန္ဒမဲ (၁ မဲ) ပေးပိုင်ခွင့်ရှိသည်။

(ခ) ဗဟိုကော်မတီမှခိုင်လုံသော အကြောင်းပြချက်ဖြင့် အတည်ပြုပေးသည့် ကိုယ်စားလှယ် မဟုတ်ပါက မည်သည့်အဖွဲ့အစည်း၏ ကိုယ်စားလှယ်များမဆို ဗဟိုကော်မတီ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခြင်း မရှိစေရ။ (၃) လလျှင် တစ်ကြိမ် အဖွဲ့ဝင်ကြေး ပေးဆောင်ရန် ကျန်ရှိနေသော အဖွဲ့ဝင် အဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များ၊ ရွေးကောက်ပွဲ အချိန်တွင် အဖွဲ့ချုပ်အဖွဲ့ဝင်အဖွဲ့အစည်း၏ အသိအမှတ်ပြု ကိုယ်စားလှယ်အဖြစ် ရပ်ဆိုင်းခံရသည့် ပုဂ္ဂိုလ်များသည် ဗဟိုကော်မတီ အဖွဲ့ဝင်အဖြစ် တာဝန် ထမ်းဆောင်ခြင်း မရှိစေရ။

(ဂ) ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အရံကိုယ်စားလှယ်အဖြစ် ရပ်ဆိုင်းခံရသည့် ပုဂ္ဂိုလ်များသည် ဗဟိုကော်မတီ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခြင်း မရှိစေရ။

## ပုဒ်မ (၁၈) ဗဟိုကော်မတီအဖွဲ့ဝင်နေရာ လစ်လပ်မှု

ဗဟိုကော်မတီ အဖွဲ့ဝင်များတွင် နေရာလစ်လပ်မှုရှိပါက ညီလာခံသည် ရွေးကောက်တင်မြှောက်ပိုင်ခွင့်ကို ဗဟိုကော်မတီအား တာဝန်ပေးသည်ဟု မှတ်ယူရမည်။

## ပုဒ်မ (၁၉) အစည်းအဝေးများ

(က) ဗဟိုကော်မတီ၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် ကျင်းပရမည်။ အစည်းအဝေး ကျင်းပမည့်နေ့ရက်ကို ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အဖွဲ့ချုပ်အဖွဲ့ဝင်အဖွဲ့အစည်းများသို့ အကြောင်း ကြားရမည်။

(ခ) ဗဟိုကော်မတီ အစည်းအဝေးကို ဥက္ကဋ္ဌ မှ ခေါ်ယူကျင်းပရမည်။ ကြီးကြပ်ကွက်ကဲရမည်။ ဥက္ကဋ္ဌသည် အစည်းအဝေးသဘာပတိဖြစ်သည်။

(ဂ) ဗဟိုကော်မတီ အစည်းအဝေးကို ဗဟိုကော်မတီအဖွဲ့ဝင်များ၏ ၃၀ ရာခိုင်နှုန်း (၃၀%) မှ အစည်း အဝေး ခေါ်ယူရန် စာဖြင့်ရေးသားတောင်းဆိုပါက ဥက္ကဋ္ဌသည် တောင်းဆိုစာ ရရှိသည့်နေ့မှ ၂ ပတ် အတွင်း အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ဃ) ဗဟိုကော်မတီ၏ အစည်းအဝေးကို မတက်ရောက်နိုင်သော အဖွဲ့ဝင်ရှိပါက ယင်းအဖွဲ့ဝင်သည် ၎င်းတို့၏ ကိုယ်စား အရံကိုယ်စားလှယ်မှ တက်ရောက်မည့်အကြောင်းကို အတွင်းရေးမှူးအဖွဲ့သို့ (၇) ရက် ကြိုတင် အကြောင်း ကြားရမည်။

(င) ဗဟိုကော်မတီ အဖွဲ့ဝင်ထက်ဝက်ကျော် အစည်းအဝေးတက်ရောက်လျှင် အစည်းအဝေး အထမြောက် သည်။

## ပုဒ်မ (၂၀) ဗဟိုကော်မတီ အစည်းအဝေးအစီအစဉ်

(က) ဗဟိုကော်မတီ အစည်းအဝေး အစီအစဉ်ကို ဥက္ကဋ္ဌမှ ကြိုတင်ပြင်ဆင် ဆောင်ရွက်၍ အစည်းအဝေးနှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့်တကွ ဗဟိုကော်မတီအဖွဲ့ဝင်များအားလုံးသို့ အစည်းအဝေး မတိုင်ခင် အကြောင်းကြားရမည်။

(ခ) ဗဟိုကော်မတီအစည်းအဝေး အစီအစဉ်နှင့်ပတ်သက်၍ အဖွဲ့ချုပ်၏ မည်သည့် အဖွဲ့ဝင် အဖွဲ့အစည်း မဆို အကြံပြုချက်များကို စာဖြင့်ရေးသား ပေးပို့ခွင့်ရှိသည်။ ဗဟိုကော်မတီမှ ဆွေးနွေးမည့် အကြောင်း အရာနှင့် သင့်တော်မှု ရှိ/မရှိကို ဆုံးဖြတ်သည်။

## အခန်း (၇) ဗဟိုအလုပ်အမှုဆောင်ကော်မတီ

### ပုဒ်မ (၂၂) ဗဟိုအလုပ်မှုဆောင်ကော်မတီ (အမှုဆောင်အဖွဲ့)

(က) ဗဟိုကော်မတီ၏ ယုံကြည်အပ်နှံခြင်းခံထားရသော ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ဗဟိုကော်မတီ၏ အစည်းအဝေး (၂) ကြိမ်ကြားတွင် ဖြစ်ပေါ်လာသော အရေးပေါ်ကိစ္စရပ်များ၊ အရေးကြီးသော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခွင့်ရှိသည်။

(ခ) အဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်စဉ် ရ/သုံးငွေစာရင်း (ဘတ်ဂျက်) ကိစ္စရပ်များနှင့်ပတ်သက်၍ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ခွင့် ရှိသည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို (၃) လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင် ကော်မတီကို ဥက္ကဋ္ဌမှ ခေါ်ယူကျင်းပရမည်။ ဥက္ကဋ္ဌသည် အစည်းအဝေး၏ သဘာပတိ ဖြစ်သည်။

(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသည် ကော်မတီအဖွဲ့ဝင် ထက်ဝက်ကျော် အစည်းအဝေး တက်ရောက်ပါက အထမြောက်သည်။

### ပုဒ်မ (၂၃) ကော်မတီများ

(က) ဗဟိုကော်မတီသည် အမျိုးသမီးကော်မတီ၊ လူငယ်ကော်မတီ နှင့် ဘဏ္ဍာရေးနှင့် စာရင်းစစ် ကော်မတီ တို့ကို ဖွဲ့စည်းရမည်။ ယင်းကော်မတီများ၏ ဖွဲ့စည်းမှု၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆုံးဖြတ်သည်။

(ခ) ဗဟိုကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ အခြားသော သင့်တော်သည့် ကော်မတီများ ဖွဲ့စည်းနိုင်သည်။ ယင်းကော်မတီများ၏ ဖွဲ့စည်းမှု၊ သက်တမ်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းနိုင်သည်။

(ဂ) အထက်တွင်ဖော်ပြထားသော ကော်မတီများဖွဲ့စည်းရာတွင် သတ်မှတ်ထားသော ကော်မတီအဖွဲ့ဝင် ဦးရေ ထက်ပိုသော အမည်စာရင်းတင်သွင်းမှုလက်ခံရရှိပါက ရွေးကောက်ပွဲ ကျင်းပရမည်။

(ဃ) လိုအပ်သော ကော်မတီအဖွဲ့ဝင်ဦးရေအတွက် ရွေးကောက်ပွဲတွင် မဲအရေအတွက် အများဆုံးဖြင့် ဆုံးဖြတ်မည်။

### ပုဒ်မ (၂၄) ဥက္ကဋ္ဌ၏တာဝန်များ

(က) ဥက္ကဋ္ဌ သည် အဖွဲ့ချုပ်၏ ကိုယ်စားပြုဖြစ်သည်။ အဖွဲ့ချုပ်၏ပြောရေးဆိုခွင့် ရှိသူဖြစ်သည်။ အဖွဲ့ချုပ်၏ ရုံးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ဗဟိုအလုပ်မှုဆောင်ကော်မတီ၊ ဗဟိုကော်မတီ နှင့် ညီလာခံဆုံးဖြတ်ချက် များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်တာဝန်ရှိသည်။ အတွင်းရေးမှူးအဖွဲ့ကို ဦးဆောင်သည်။ ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ညီလာခံ၊ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီ သို့ အစီရင်ခံစာ တင်သွင်းရမည်။

(ခ) ဥက္ကဋ္ဌ သည် ညီလာခံ၊ ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစည်းအဝေးများအားလုံး၏ သဘာပတိဖြစ်သည်။ အဖွဲ့ချုပ်၏ အခြားသော အစည်းအဝေးများအားလုံးသို့ တက်ရောက်ရမည်။

### ပုဒ်မ (၂၅) ဒုတိယ ဥက္ကဋ္ဌ၏တာဝန်

(က) ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌအား အစီရင်ခံတင်ပြရမည်။

(ခ) ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အား ကူညီပံ့ပိုးပေးရမည်။ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန် မတတ်နိုင်သည့်အခါ ဥက္ကဋ္ဌ ၏ တာဝန်ဝတ္တရားများကိုဆောင်ရွက်ပေးရမည်။

ပုဒ်မ (၂၆) အထွေထွေ အတွင်းရေးမှူး၏တာဝန်

အထွေထွေအတွင်းရေးမှူး သည် ဥက္ကဋ္ဌ ၏ ညွှန်ကြားချက်ဖြင့် အဖွဲ့ချုပ်၏ နေ့စဉ်လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ အား အစီရင်ခံတင်ပြရမည်။

ပုဒ်မ (၂၇) လက်ထောက်အထွေထွေအတွင်းရေးမှူး၏ တာဝန်

(က) လက်ထောက်အထွေထွေအတွင်းရေးမှူး သည် အထွေထွေအတွင်းရေမှူး ကို အစီရင်ခံတင်ပြရမည်။

(ခ) လက်ထောက်အထွေထွေအတွင်းရေးမှူး သည် အထွေထွေအတွင်းရေးမှူး ကို ကူညီပံ့ပိုးပေးရမည်။ အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်ရန် မတတ်နိုင်သည့်အခါ အထွေထွေအတွင်းရေးမှူး၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။

ပုဒ်မ (၂၈) ဘဏ္ဍာရေးမှူး၏တာဝန်

(က) ဘဏ္ဍာရေးမှူး သည် ဥက္ကဋ္ဌ အား အစီရင်ခံရမည်။

(ခ) ဘဏ္ဍာရေးမှူး သည် အဖွဲ့ချုပ်၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု ကိစ္စရပ်များအတွက် တာဝန်ရှိသည်။

(ဂ) ဘဏ္ဍာရေးမှူး သည် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာတင်သွင်းရန် အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်။ ယင်းဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာအား ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီမှ ထောက်ခံပေးရမည်။

(ဃ) ဘဏ္ဍာရေးမှူး သည် ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ ၏ အတွင်းရေးမှူး ဖြစ်သည်။

(င) ဘဏ္ဍာရေးမှူး သည် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ အားလုံးအတွက် တွဲဖက် လက်မှတ် ရေးထိုးသူများထဲမှ တစ်ဦးဖြစ်သည်။

## အခန်း (၈)

## ဘဏ္ဍာရေး

ပုဒ်မ (၂၉) အဖွဲ့ဝင်ကြေးနှင့် လစဉ်ကြေး

(က) အဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို အဖွဲ့ချုပ်အဖွဲ့ဝင်များကပေးသော အဖွဲ့ဝင်ကြေး၊ လစဉ်ကြေး ဖြင့်ဆောင်ရွက်မည်။ အဖွဲ့ဝင်ကြေးနှင့် လစဉ်ကြေးနှုန်းထားကို လိုအပ်သလို ဗဟိုကော်မတီမှ နှစ်စဉ် ပြောင်းလဲ သတ်မှတ်မည်။

(ခ) လစဉ်ကြေးကို (၃) လတစ်ကြိမ် ကြိုတင်၍ ပေးဆောင်ခြင်းဖြင့်လည်းကောင်း၊ လစဉ် လကုန်ရက် (၁ ရက်နေ့မှ ၁၀ ရက်နေ့) အတွင်း လည်းကောင်း ပေးဆောင်ရမည်။ လစဉ်ကြေးပေးဆောင်ရာတွင် (၄) ကြိမ် ထက် လျော့နည်း၍ (၂) ကြိမ်ပေးဆောင်ရန် ကျန်ရှိသော အဖွဲ့အစည်းများကို ဆန္ဒမဲပေးခွင့်မရှိဘဲ ညီလာခံ သို့တက်ရောက်ခွင့်ပြုမည်။ (၈) ကြိမ်ထက်လျော့နည်း၍ (၄) ကြိမ်ပေးဆောင်ရန် ကျန်ရှိသော အဖွဲ့အစည်း များကို ဆန္ဒမဲပေးခွင့် မရှိဘဲ ညီလာခံသို့ တက်ရောက်ခွင့်မပြုရ။ (၈) ကြိမ်နှင့် အထက် ပေးဆောင်ရန် ကျန်ရှိ သော အဖွဲ့အစည်းများကို အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သည်ဟု သတ်မှတ်မည်။

ပုဒ်မ (၃၀) သွေးစည်းညီညွတ်ရေး ရန်ပုံငွေ

အဖွဲ့ချုပ်သည် အဖွဲ့ချုပ်၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့ဝင် အဖွဲ့အစည်းများမှ သီးခြားထည့်ဝင်သော သွေးစည်းညီညွတ်ရေး ရန်ပုံငွေ တည်ထောင်ခွင့်ရှိသည်။

ပုဒ်မ (၃၁) အခြားသော ဘဏ္ဍာရေး အရင်းအမြစ်များ

(က) အဖွဲ့ချုပ် အဖွဲ့ဝင်အဖွဲ့အစည်းများအား ရန်ပုံငွေ တိုးမြှင့်ကောက်ခံရန် ညီလာခံသည် ဗဟိုကော်မတီ အား လုပ်ပိုင်ခွင့်ပေးနိုင်သည်။

(ခ) ဥက္ကဋ္ဌ သည် ဗဟိုကော်မတီကိုတင်ပြ၍ သတ်မှတ်ထားသော ရည်ရွယ်ချက်များအတွက် ဆန္ဒရှိက ထည့်ဝင်နိုင်မှုပေါ်တွင် အခြေခံသော ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်သည်။

(ဂ) ဥက္ကဋ္ဌသည် ဗဟိုကော်မတီကိုတင်ပြ၍ အစိုးရနှင့် ပုဂ္ဂလိက များထံမှ ဘဏ္ဍာငွေများသည် အဖွဲ့ချုပ်၏ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်မှုနှင့် အမှီအခို ကင်းမှုကို အပြည့်အဝ အာမခံရမည်။

ပုဒ်မ (၃၂) အဖွဲ့ချုပ်က ကျခံမည့် အသုံးစရိတ်များ သတ်မှတ်ခြင်း

ကော်မတီများနှင့် ဗဟိုကော်မတီမ၏ အဖွဲ့ဝင်များအတွက် အသုံးစရိတ်များကို အဖွဲ့ချုပ်တွင် ဘဏ္ဍာရေး အခြေအနေပေါ်မူတည်၍ ကျခံပေးရမည်။

ပုဒ်မ (၃၃) ဖွဲ့စည်းပုံ ပြင်ဆင်ခြင်း

အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်ပြင်ဆင်ဖြည့်စွက်ခြင်းများကို ညီလာခံမှ အတည်ပြုပြီးသည့်နောက်တွင် အာဏာသက်ဝင်စေရမည်။ ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် အဖွဲ့ဝင်များ၏ အဆိုပြုချက်များကို ညီလာခံမကျင်းပမီ (၃) လထက် နောက်မကျစေဘဲ ဥက္ကဋ္ဌထံသို့ ကြိုတင် တင်သွင်းရမည်။

## အခန်း(၉)

## အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင်အဖွဲ့ဝင်ဖြစ်မြောက်ခြင်းနှင့် အဖွဲ့ဝင်အဖြစ်မှနှုတ်ထွက်ခြင်း


ပုဒ်မ (၃၄) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ခြင်း

မည်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂများ၏ အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် နှုတ်ထွက်ခြင်းကို အရည်အသွေးပြည့်မီသော ညီလာခံ ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်း (၇၅%) မှဆုံးဖြတ်သည်။

## အခန်း (၁၀) အထွေထွေပြဋ္ဌာန်းချက်များ


ပုဒ်မ (၃၅) အမှတ်တံဆိပ်

မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏ အမှတ်တံဆိပ်သည် အောက်ပါအတိုင်း ဖြစ်သည်။



ပုဒ်မ (၃၆) အမှတ်တံဆိပ်

မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏ အလံသည် အောက်ပါအတိုင်း ဖြစ်သည်။




ပုဒ်မ (၃၇) ကိုယ်ပိုင်တံဆိပ်

မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏ ကိုယ်ပိုင်အမှတ်တံဆိပ် (Official Seal) သည် အောက်ပါ အတိုင်းဖြစ်သည်။

(မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM/ မြန်မာနိုင်ငံ)

## အခန်း (၁၁)
## အဖွဲ့ချုပ်ကိုဖျက်သိမ်းခြင်း

ပုဒ်မ (၃၈) အဖွဲ့ချုပ်ကိုဖျက်သိမ်းခြင်း

(က) အဖွဲ့ချုပ်ကို ဖျက်သိမ်းရန် အဖွဲ့ချုပ်ဖျက်သိမ်းခြင်း ညီလာခံကျင်းပ၍ ဖျက်သိမ်းရမည်။

(ခ) ယင်းညီလာခံတွင် အဖွဲ့ချုပ်ကို ဖျက်သိမ်းရန် အရည်အသွေးပြည့်မီသော ညီလာခံကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်း (၇၅%) ၏ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ဂ) ကျန်ရှိနေသေးသော အဖွဲ့ဝင်အဖွဲ့ချုပ်၊ အဖွဲ့အစည်းများအား ဦးရေအလိုက် အဖွဲ့ချုပ် ဦးရေအလိုက် အဖွဲ့ချုပ်ပိုင် ပစ္စည်းများအား ခွဲဝေပေးရမည်။

## အသွင်ကူးပြောင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ
## (၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ)

### အခန်း (၁)
### အဖွဲ့ဝင်ခြင်းနှင့်အဖွဲ့ဝင်ဖြစ်ခြင်း

ပုဒ်မ (၁) အဖွဲ့ဝင်ခြင်းနှင့် အဖွဲ့ဝင်ဖြစ်ခြင်း

(က) ဒီမိုကရေစီ နည်းကျ၍ လွတ်လပ်သော၊ အမှီခိုကင်းသော နိုင်ငံအဆင့် ကဏ္ဍအလိုက်ဆိုင်ရာ အဖွဲ့ချုပ်များ၊ အခြေခံသမဂ္ဂများသည် အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်သည်။

(ခ) ဗဟိုကော်မတီသည် အဖွဲ့ဝင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

### အခန်း (၂)
### ဗဟိုကော်မတီဖွဲ့စည်းမှု

(က) ဗဟိုကော်မတီကို ညီလာခံမှ ရွေးကောက်တင်မြှောက်သော အောက်ပါ ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းသည်။

(က-၁) အဖွဲ့ချုပ်၏ အဖွဲ့ဝင်များမှ ဗဟိုကော်မတီအဖြစ် ရွေးကောက်တင်မြှောက်သော အဖွဲ့ဝင် ၂၀ ဦး၊ ဗဟိုကော်မတီ မှ နောက်ထပ်တိုးလာမည့် အဖွဲ့ဝင် (၆) ဦးကို ရွေးကောက်တင်မြှောက်နိုင်သည်။

(က-၂) ဗဟိုအလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင် (၅) ဦး။

(က-၃) အမျိုးသမီးကော်မတီ နှင့် လူငယ်ကော်မတီမှ ဥက္ကဋ္ဌ (၂) ဦး၊ ဒုဥက္ကဋ္ဌ (၂) ဦး ။

(ခ) ဗဟိုကော်မတီအဖွဲ့ဝင်များတွင် အမျိုးသမီးအဖွဲ့ဝင်ဦးရေအနည်းဆုံး ၃၀ ရာခိုင်နှုန်း (၃၀%) ပါဝင် စေရန် ဦးတည်ဆောင်ရွက်ရမည်။

(ဂ) ညီလာခံသို့ ကိုယ်စားပြုတက်ရောက်သည့် အဖွဲ့ဝင်အဖွဲ့အစည်းများအားလုံးသည် ဗဟိုကော်မတီအဖွဲ့ဝင် များ အတွက် အမည်စာရင်းတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ရာတွင် ပါဝင်ခွင့်ရှိသည်။

(ဃ) အထက်တွင်ဖော်ပြထားသော ဗဟိုကော်မတီဖွဲ့စည်းမှုကို အခြေခံ၍ ဗဟိုကော်မတီအဖွဲ့ဝင် တစ်ဦးချင်းစီ အတွက် အရံကိုယ်စားလှယ် (၂) ကို ညီလာခံမှ ရွေးကောက်တင်မြှောက်ရမည်။

### အခန်း (၃)
### အထူးပြဋ္ဌာန်းချက်များ

ပုဒ်မ(၃) အထူးပြဋ္ဌာန်းချက်များ

အထူးပြဋ္ဌာန်းချက် ၁-ဖွဲ့စည်းပုံပါ စာသားနှင့်ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုချက်

ဤဖွဲ့စည်းပုံပါ စာသားနှင့်ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂ များအဖွဲ့ချုပ် (International Trade Unions Confedreation- ITUC) ၏ ဖွဲ့စည်းပုံနှင့် အညီ ပြုလုပ်ရမည်။

အထူးပြဋ္ဌာန်းချက် ၂- ဗဟိုကော်မတီ တွဲဖက်အဖွဲ့ဝင်များ

အဖွဲ့ချုပ် CTUM တွင် မပါဝင်သော လုပ်ငန်းကဏ္ဍတစ်ခုမှ အဖွဲ့ချုပ်အနေဖြင့် အဖွဲ့ဝင်ကြေးထည့်ဝင်၍ ပါဝင်လာပါက အဖွဲ့ဝင်ဦးရေ (၅၀၀၀) နှင့် အထက်ရှိလျှင် ဗဟိုကော်မတီတွဲဖက် အဖွဲ့ဝင်တစ်နေရာကို ပေးရမည်။

ဗဟိုကော်မတီ၏ တွဲဖက်အဖွဲ့ဝင်သည် ဗဟိုကော်မတီအစည်းအဝေးများသို့ ဖိတ်ကြားခံ ပိုင်ခွင့်ရှိသည်။ တွဲဖက်အဖွဲ့ဝင် သည် အစည်းအဝေးတွင် တင်ပြဆွေးနွေးပိုင်ခွင့်ရှိသည်။ မဲပေးပိုင်ခွင့် မရှိစေရ။

## အခန်း(၄)
## လုပ်ထုံးလုပ်နည်းများ

**ပုဒ် (၄) အထွေထွေ**

ဖွဲ့စည်းပုံတွင်ပါဝင်သော ညီလာခံဆိုင်ရာ ပြဌာန်းချက်အမှတ်များအားလက်ရှိ လုပ်ထုံးလုပ်နည်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည်။

**ပုဒ်မ (၅) မျက်နှာစုံညီအစည်းအဝေး**

ညီလာခံ မျက်နှာစုံညီအစည်းအဝေးသည် သီးသန့်ဆွေးနွေးရန် သင့်သည်ဟု ညီလာခံမှ သီးခြား ဆုံးဖြတ်သည်မှလွဲ၍ ညီလာခံကိုယ်စားလှယ်များရှေ့တွင် ဖြစ်ရမည်။ ညီလာခံခန်းမရှိ ထိုင်ခုံများကို အတွင်းရေးမှူးချုပ်မှ သတ်မှတ်ရမည်။

**ပုဒ်မ (၆) ညီလာခံဖွင့်ပွဲအခမ်းအနား**

(က) ညီလာခံကို ဥက္ကဋ္ဌ မှ ဖွင့်လှစ်ရမည်။

(ခ) ညီလာခံဖွင့်ပြီးသည်နှင့် တစ်ပြိုင်နက် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်။

(ခ-၁) ကြိုဆိုနှုတ်ခွန်းဆက်သခြင်း၊

(ခ-၂) ဥက္ကဋ္ဌ ၏ အဖွင့်အမှာစကား၊

(ခ-၃) အရည်အချင်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းခြင်းအားအတည်ပြုခြင်း၊

(ခ-၄) အရည်ချင်းစစ်ဆေးရေးကော်မတီ၏ ပထမဆုံးအစီရင်ခံစာကို သုံးသပ်ခြင်း၊

(ခ-၅) လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရေးကော်မတီ ဖွဲ့စည်းခြင်းအား အတည်ပြုခြင်းအား အတည်ပြုခြင်း၊

(ခ-၆) လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရေးကော်မတီ၏ ပထဆုံးအစီရင်ခံစာကို သုံးသပ်ခြင်း။

**ပုဒ်မ (၇) အရည်အချင်းစစ်ဆေးမှုကို ကန့်ကွက်ခြင်း**

(က) ညီလာခံဖွင့်ပြီးနောက် (၂၄) နာရီထက်နောက်မကျစေဘဲ သို့မဟုတ် ကြေညာထားသော ညီလာခံ ကိုယ်စားလှယ်များ နေရာယူပြီးသည့် နောက် (၁၂) နာရီထက်နောက်မကျစေဘဲ မည်သည့် ကိုယ်စားလှယ်၏ ညီလာခံ ကိုယ်စားလှယ်အဖြစ် တည်ရှိမှုကို ကန့်ကွက်ခြင်းအား အတွင်းရေးမှူးချုပ်သို့ တင်သွင်းရမည်။

(ခ) အတွင်းရေးမှူးချုပ်သည် သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့်အတူ ကန့်ကွက်လွှာများကို အရည်အချင်းစစ်ဆေးရေးကော်မတီသို့ တင်သွင်းရမည်။

(ဂ) အရည်အချင်းစစ်ဆေးရေးကော်မတီသည် ညီလာခံသို့ အစီရင်ခံစာ အမြန်ဆုံးတင်သွင်းရမည်။ ကိုယ်စားလှယ် အရည်အသွေးကို စစ်းဆေးခံနေရသည့် မည်သည့် ညီလာခံကိုယ်စားလှယ်မဆို ညီလာခံ၏ အပြီးသတ်ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းဆဲတွင် ညီလာခံကိုယ်စားလှယ်အဖြစ် အပြည့်အဝ ခံစားပိုင်ခွင့်ရှိသည်။

(ဃ) မည်သည့် ကိုယ်စားလှယ်မဆို ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက် ပုဒ်မ (၈)၊ အပိုဒ်ခွဲ(က)အရ ကိုက်ညီမှုမရှိပါက အရည်အချင်း စစ်ဆေးရေးကော်မတီသို့ ရှင်းလင်းချက်ပေးရသည်။ အရည်အချင်း စစ်ဆေးရေး ကော်မတီသည် ညီလာခံ၌တင်သွင်းသော ၄င်း၏ အစီရင်ခံစာတွင် ယင်းရှင်းလင်းချက်ကို ထည့်သွင်းစဉ်းစား၍ ဗဟိုကော်မတီမှ လမ်းညွှန်ချက်များကို ပေးရမည်။

ပုဒ်မ (၈) ကော်မတီများ

(က) အရည်အချင်းစစ်ဆေးရေးကော်မတီ၊ ညီလာခံလုပ်ထုံးလုပ်နည်းများသတ်မှတ်ရေး ကော်မတီနှင့် အထူးကော်မတီများ၏ အစည်းအဝေးများကို သီးသန့် ကျင်းပရမည်။

(ခ) ဤကော်မတီ အစည်းအဝေးများသို့ တက်ရောက်ပိုင်ခွင့်ရှိသူများမှာ

(ခ-၁) ကော်မတီများတွင်တာဝန်ထမ်းဆောင်ရန် ညီလာခံမှ ခန့်အပ်သော ကိုယ်စားလှယ်များ။

(ခ-၂) ညီလာခံမှ စာဖြင့်ရေးသားခန့်အပ်ထားသော အရံကိုယ်စားလှယ်များ၊ ယင်းအရံကိုယ်စားလှယ်များသည် ဆွေးနွေးမှုများတွင် ပါဝင်ခွင့်ရှိသည်။ ကိုယ်စားလှယ်အဖြစ် အစားထိုးခြင်းခံရသော အရံကိုယ်စားလှယ်သည် ကိုယ်စားလှယ်၏ ပျက်ကွက်မှုတွင် ကိုယ်စားလှယ် အဖြစ်ဆန္ဒမဲပေး ခွင့်ရှိသည်။

(ခ-၃) ကိုယ်စားလှယ်များ၏ တောင်းဆိုမှုကြောင့် ညီလာခံ ဥက္ကဋ္ဌ မှစာဖြင့် ရေးသားခန့်အပ်ထားသော လေ့လာသူများသည် ကော်မတီ သဘာပတိ၏ ခွင့်ပြုချက်ဖြင့် ဆွေးနွေးမှုများတွင် ပါဝင်ခွင့် ရှိသည်။ သို့သော် ဆန္ဒမဲပေးခွင့်မရှိ။

(ခ-၄) ကော်မတီတွင် တာဝန်ထမ်းဆောင်နေသော ကိုယ်စားလှယ်တစ်ဦး၏ တောင်းဆိုမှုကြောင့် ညီလာခံ ဥက္ကဋ္ဌ မှ စာဖြင့်ရေးသားခန့်အပ်ထားသော အတွင်းရေးမှူး သို့မဟုတ် ဘာသာပြန် တစ်ဦးသည် ဆွေးနွေးမှုများတွင် ပါဝင်ခွင့်မရှိ။ ဆန္ဒမဲပေးခွင့်မရှိ။

(ခ-၅) အတွင်းရေးမှူးချုပ်မှ ခန့်အပ်သော ရုံးအဖွဲ့ဝင်များသည် အစည်းအဝေး တက်ရောက်ခွင့်ရှိသည်။ သို့သော် ဆွေးနွေးခွင့်၊ မဲပေးပိုင်ခွင့်မရှိ။

(ဂ) ကော်မတီတစ်ခုသည် ကော်မတီတွင် မပါဝင်သော အဖွဲ့အစည်းတစ်ခု၏ အဆိုပြုချက်ကို ကော်မတီ အစည်းအဝေး၌ ဆွေးနွေးချိန်တွင် အဆိုပြုသော အဖွဲ့အစည်းမှ ကိုယ်စားလှယ်တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

(ဃ) ဖွဲ့စည်းပုံတွင်ပြဋ္ဌာန်းထားသော ကော်မတီများ၊ သီးခြားညီလာခံ ကော်မတီများသည် ၎င်းတို့၏ သဘာပတိနှင့် ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ရမည်။

(င) အတွင်းရေးမှူးချုပ်သည် ကော်မတီတစ်ခုချင်းစီ၏ အတွင်းရေးမှူးကို ခန့်အပ်ရမည်။

(စ) ကော်မတီ အစည်းအဝေးများတွင် ဆန္ဒမဲပေးခြင်းသည် လက်ထောင်မဲပေးစနစ်ဖြစ်သည်။

ပုဒ်မ (၉) ဘာသာစကား

(က) ညီလာခံ၏ လုပ်ငန်းသုံး ဘာသာစကားသည် မြန်မာဘာသာစကား ဖြစ်သည်။

(ခ) အခြားသော ဘာသာစကားဖြင့် ဆွေးနွေးလိုသော ကိုယ်စားလှယ်သည် ညီလာခံ လုပ်ငန်းသုံး ဘာသာစကားသို့ ဘာသာပြန်ပေးရမည်။

ပုဒ်မ (၁၀) ညီလာခံတွင်ဆွေးနွေးခွင့်

(က) လုပ်ထုံးလုပ်နည်း သုံးသပ်ခြင်းအကြောင်းအရာမှလွဲ၍ ဆွေးနွေးရန် လျှောက်ထားခွင့်ကို ဥက္ကဋ္ဌ အား စာဖြင့် ရေးသားတင်ပြရမည်။

(ခ) မည်သည့်ကော်မတီ၏ ကိုယ်စားလှယ်ဖြစ်စေ ဆွေးနွေးမှုကို တုံ့ပြန်ပြောကြားခွင့်ရှိသည်မှလွဲ၍ ညီလာခံ ကိုယ်စားလှယ်တစ်ဦးသည် ညီလာခံမှခွင့်မပြုလျှင် အကြောင်းအရာတစ်ခုပေါ်တွင် တစ်ကြိမ်သာ ဆွေးနွေးရမည်။ လုပ်ထုံးလုပ်နည်း သုံးသပ်ခြင်း အကြောင်းအရာမှလွဲ၍ အဆိုပြုချက်များအတွက် အဆိုပြုချက် တင်သွင်းသူသည် တူညီသော အခွင့်အရေးရှိသည်။

(ဂ) ဥက္ကဋ္ဌ သည် မည်သည့်အကြောင်းအရာမဆို အချိန်တိုင်းတွင် ဆွေးနွေးခွင့်ရှိသည်။

(ဃ) ဆွေးနွေးမှုကို တုံ့ပြန်ပြောကြားခွင့် တောင်းဆိုပါက ဥက္ကဋ္ဌ သည် ဆွေးနွေးခွင့်ကို တောင်းဆိုသော ကိုယ်စားလှယ်၏ အမည်ကို ညီလာခံသို့ ဖတ်ကြားတင်သွင်းရမည်။

(င) ဥက္ကဋ္ဌ သည် ကိုယ်စားလှယ်များအကြား သိသာထင်ရှားသည့် အမြင်သဘောထားကွာခြားချက်မရှိဟု သုံးသပ်ပါက ဥက္ကဋ္ဌ အနေဖြင့် ဆွေးနွေးမှုကိုအဆုံးသတ်ခွင့်ရှိသည်။

(စ) ဆွေးနွေးနေသည့် အကြောင်းအရာနှင့် မသက်ဆိုင်သော ဆွေးနွေးမှုများရှိလျှင် ဥက္ကဋ္ဌ သည် ဆွေးနွေးသူများကို တားမြစ်နိုင်သည်။

(ဆ) အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အစည်းအဝေး အစီအစဉ်များကို တင်ပြရန် ခန့်အပ်ထားသော ကိုယ်စားလှယ်တော်များ၊ အစီရင်ခံစာတင်သွင်းမည့် ကိုယ်စားလှယ်တော်များအာ ဥက္ကဋ္ဌ ၏ ဆုံးဖြတ်ပိုင်ခွင့် အချိန် ၅ မိနစ်ထက်ပို၍ ခွင့်ပြုသည်မှတစ်ပါး ညီလာခံမှ ခွင့်မပြုလျှင် ဘာသာပြန်ချိန် မပါဝင်ဘဲမည်သည့် ဆွေးနွေးချက်မျှ အချိန်၅ မိနစ်ထက်မပိုရ။

## ပုဒ်မ(၁၁) အဆိုပြုချက်များဆုံးဖြတ်ချက်များပြင်ဆင်ဖြည့်စွက်ချက်များ

(က) အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းသော လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းထားသော အဆိုပြုချက်များ၊ ဆုံးဖြတ်ချက်များနှင့် ပြင်ဆင်ဖြည့်စွက်ချက်များကို လုပ်ငန်းသုံး ဘာသာစကားဖြင့် ဖြန့်ဝေရမည်။ ယင်းအဆိုပြုများ၊ ဆုံးဖြတ်ချက်များနှင့် ပြင်ဆင်ဖြည့်စွက်ချက်များကို အဆိုပြုရန်နှင့် ထောက်ခံဆွေးနွေးရန် ထည့်သွင်းစဉ်းစားရမည်။

(ခ) အဖွဲ့ချုပ် အဖွဲ့ဝင် အဖွဲ့အစည်းများ သို့မဟုတ် ညီလာခံသို့တက်ရောက်လာသော ကိုယ်စားလှယ်များမှ အရေးပေါ်ကိစ္စရပ်များနှင့် ပတ်သက်သော အဆိုပြုချက်များ၊ ဆုံးဖြတ်ချက်များ၊ ပြင်ဆင် ဖြည့်စွက်ချက်များအား ညီလာခံသို့ တိုက်ရိုက်အဆိုပြုနိုင်သည်။ လုပ်ထုံးလုပ်နည်းများမှလွဲ၍ ဤကဲ့သို့သော အဆိုပြုချက်များနှင့် ဆုံးဖြတ်ချက်များကို လုပ်ငန်းသုံးဘာသာစကားဖြင့် ဥက္ကဋ္ဌ ထံ စာရေး သွင်းရမည်။ ပထမအဆင့်တွင် ညီလာခံ လုပ်ထုံးလုပ်နည်းများသတ်မှတ်ရေးကော်မတီသို့လည်း မိတ္တူပေးပို့ရမည်။

(ဂ) အပိုဒ် (ခ)အရ တင်သွင်းထားသော အဆိုပြုချက်များ၊ ဆုံးဖြတ်ချက်များ၊ ပြင်ဆင် ဖြည့်စွက်ချက်များသည် လုပ်ငန်းသုံးဘာသာစကားဖြင့် ဖြန့်ဝေထားခြင်း၊ ထောက်ခံဆွေးနွေးထားခြင်းမရှိလျှင် ညီလာခံမှ ဆွေးနွေးမည် မဟုတ်ပါ။

(ဃ) ပြင်ဆင်ဖြည့်စွက်ချက်များအား အရေးပေါ်အစည်းအဝေးအချိန်တွင်း ညီလာခံသို့တင်သွင်းနိုင်သည်။ ဤကဲ့သို့သော ပြင်ဆင်ဖြည့်စွက်ချက်များကို လုပ်ငန်းသုံးဘာသာဖြင့် ရေးသားတင်သွင်းရမည်။

(င) ဥက္ကဋ္ဌ ထံသို့ တင်ပြထားသော အဆိုပြုချက်များ၊ ဆုံးဖြတ်ချက်များ၊ ဖြည့်စွက်ပြင်ဆင်ချက်များစွာ ရှိနေပါက ဥက္ကဋ္ဌ သည် တင်သွင်းလာသည့် တင်ပြချက်များကို အစဉ်လိုက်ဆုံးဖြတ်မည်။

(စ) စဉ်းစားသုံးသပ်နေဆဲကာလ သို့မဟုတ် အတည်ပြုထားသော ပြင်ဆင်ချက်များဖြစ်ခဲ့လျှင် အဆိုပြု သော ကိုယ်စားလှယ်သည် မည်သည့် ပြင်ဆင်ဖြည့်စွက်ချက်မျိုးကိုမဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ဆ) ကိုယ်စားလှယ်တစ်ဦးသည် လုပ်ထုံးလုပ်နည်းများမှလွဲ၍ အဆိုပြုချက်၊ ဆုံးဖြတ်ချက်နှင့် ပြင်ဆင် ဖြည့်စွက်ချက်များကို ပုဂ္ဂိုလ်ရေးအသွင်ဖြင့်တင်ပြခွင့် မရှိပါ။ ကိုယ်စားလှယ်တစ်ယောက်အဖြစ်သာ တင်ပြခွင့်ရှိသည်။

(ဇ) လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော အဆိုပြုချက်များကို ကြိုတင်အကြောင်းကြားစရာမလိုဘဲ နှုတ်ဖြင့် အဆိုပြုနိုင်သည်။

(ဈ) လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော အဆိုပြုချက်များတွင် အောက်ပါအဆိုပြုချက်များ ပါဝင်သည်။

(ဈ-၁) အကြောင်းအရာကို ပြန်လည်ထည့်သွင်းရန် အဆိုပြုချက်။

(၈-၂) အဆိုပြုချက်နှင့်ပတ်သက်၍ ဆွေးနွေးမှုကို ခေတ္တရပ်နားရန် အဆိုပြုချက်။

(၈-၃) အစည်းအဝေးကိုခေတ္တရပ်နားရန် အဆိုပြုချက်။

(၈-၄) သီးခြားအဆိုပြုချက်နှင့်ပတ်သက်၍ ဆွေးနွေးမှုကို ခေတ္တရပ်နားရန် အဆိုပြုချက်။

(၈-၅) ဆွေးနွေးဆဲအကြောင်းအရာပေါ်တွင် ဆန္ဒမဲပေးရန် အဆိုပြုချက်။

(၈-၆) အစည်းအဝေးအစီအစဉ်ပါ နောက်ထပ်အကြောင်းအရာ တစ်ခုကို ညီလာခံမှ ရှေ့ဆက်ရန် အဆိုပြုချက်။

(၈-၇) လုပ်ထုံးလုပ်နည်းများရပ်ဆိုင်းရန် အဆိုပြုချက်။

(၈-၈) လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော အဆိုပြုချက်ကို အလျင်မြန်ဆုံး ဆန္ဒမဲခံယူရမည်။ ဥက္ကဋ္ဌသည် ယင်းအဆိုပြုချက်အတွက် ထောက်ခံဆွေးနွေးမည့်သူတစ်ဦးနှင့် ကန့်ကွက်မည့်သူ တစ်ဦး ကို ခွင့်ပြုနိုင်သည်။

(၈-၉) ကန့်ကွက်သည့်ဦးရေနှင့် ထောက်ခံသည့်ဦးရေ အရေအတွက် တူညီပါက မည်သည့် အဆိုပြုချက်၊ ဆုံးဖြတ်ချက်၊ပြင်ဆင်ဖြည့်စွက်ချက်များကိုမဆို ဆောင်ရွက်မည် မဟုတ်ပါ။

(၈-၁၀) လုပ်ထုံးလုပ်နည်းများသို့မဟုတ် အဖွဲ့ချုပ်ဖွဲ့စည်းပုံအား မလိုက်နာသည့် အခြေအနေပေါ်တွင် မည်သည့် ကိုယ်စားလှယ်မဆို အချိန်မရွေး ဆွေးနွေးခွင့် တောင်းခံနိုင်သည်။ ထိုအခါတွင် ဥက္ကဋ္ဌသည် မည်သည့်ကိစ္စတွင်မဆို အရေးပေါ်ဆုံးဖြတ်နိုင်သည်။

(၈-၁၁) မည်သည့်အကြောင်းအရာတွင်မဆို ဥက္ကဋ္ဌ ၏ ဆုံးဖြတ်ပိုင်ခွင့်ကို စိန်ခေါ်သည့်အဆိုပြုချက် ရှိခဲ့ပါက အလျင်မြန်ဆုံး(ချက်ချင်း) ဆန္ဒမဲခံယူရမည်ဖြစ်ပြီး ဤကဲ့သို့သော အဆိုပြုချက်ကို ထောက်ခံသည့်သူတစ်ဦးနှင့် ကန့်ကွက်သည့်သူတစ်ဦးကို ဆွေးနွေးခွင့်ပြုရမည်။

**ပုဒ်မ (၁၂) မဲဆန္ဒပေးခြင်း**

(က) အဖွဲ့ချုပ်ဖွဲ့စည်းပုံ၏ ရွေးကောက်ပွဲ အခန်း (၅) ပုဒ်မ ၁၃ အပိုဒ်ခွဲ (က)အရ ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်တစ်ခုအတွက် အရည်အသွေးစစ်ဆေးပြီးသော ညီလာခံကိုယ်စားလှယ် စုစုပေါင်းအရေအတွက်၏ ထက်ဝက်ကျော်သောမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) အဖွဲ့ချုပ်ဖွဲ့စည်းပုံ၏ ရွေးကောက်ပွဲ အခန်း (၅) ပုဒ်မ ၁၃ အပိုဒ်ခွဲ (က)အရ ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်ရာတွင် အရည်အသွေးစစ်ဆေးပြီးသော ညီလာခံကိုယ်စားလှယ် စုစုပေါင်းကို ရေတွက် ရမည်။

(ဂ) အဖွဲ့ချုပ်ဖွဲ့စည်းပုံ၏ ရွေးကောက်ပွဲ အခန်း (၃) ပုဒ်မ၈၊ အပိုဒ်ခွဲ (ဃ) အရ အခြားသူ ကိုယ်စား ဆန္ဒမဲပေးခြင်းကို ခွင့်ပြုရန် ညီလာခံ၌ ဆန္ဒမဲမပေးခင် ညီလာခံအတွင်းရေးမှူးမှ စာဖြင့်ရေးသား အကြောင်းကြားချက်ကို လက်ခံရရှိမှသာ ခွင့်ပြုနိုင်သည်။

## အခန်း(၅)

## ဗဟိုကော်မတီလုပ်ထုံးလုပ်နည်းများ

**ပုဒ်မ (၁၃) အထွေထွေ**

လက်ရှိလုပ်ထုံးလုပ်နည်းများကို ဤဖွဲ့စည်းပုံပါ ဗဟိုကော်မတီ အစည်းအဝေးနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက် များ (ပုဒ်မ ၁၆ မှ ၂၁) ဖြင့် ဖြည့်စွက် ပြင်ဆင်သည်။

ပုဒ်မ (၁၄) ဗဟိုကော်မတီအစည်းအဝေးများ

(က) ဗဟိုကော်မတီအစည်းအဝေးများကို တစ်နှစ်လျှင် တစ်ကြိမ်ထက် မနည်းစေဘဲ ကျင်းပစေရမည်။ ကော်မတီအစည်းအဝေးများကို ညီလာခံပြီးသည်နှင့်တစ်ပြိုင်နက် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက် ရမည်။ အစည်းအဝေးကျင်းပသည့် အချိန်တိုင်း နောက်ဆက်တွဲ အစည်းအဝေး၏နေ့ရက်ကို သတ်မှတ် ရမည်။ အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်ကြားတွင် လိုအပ်ချက်များရှိပါက ဥက္ကဋ္ဌ သည် သတ်မှတ် ထားသော အစည်းအဝေးကျင်းပမည့်နေ့ ရက်ကို ပြောင်းလဲနိုင်သည်။

(ခ) ဥက္ကဋ္ဌ သည် အရေးကြီးသည်ဟု ယူဆပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင်၏ အဖွဲ့ဝင်ဦးရေ အနည်းဆုံး၏ ၃၀ ရာခိုင်နှုန်း (၃၀%) မှ လက်မှတ် ထိုးထားသော အထူးအစည်းအဝေးခေါ်ယူကျင်းပရန် တောင်းဆိုချက်ရှိပါက အစည်းအဝေး ခေါ်ယူ ကျင်းပ ရမည်။

(ဂ) ဗဟိုကော်မတီ အစည်းအဝေးများကျင်းပရန် နေရာကို ဗဟိုကော်မတီမှ ဆုံးဖြတ်ရမည်။

ပုဒ်မ (၁၅) အစည်းအဝေးများသို့တက်ရောက်ခွင့်

(က) ဖွဲ့စည်းပုံ၏ ပုဒ်မ ၁၉၊ အပိုဒ်ခွဲ (ဃ) ပြဋ္ဌာန်းချက်တွင် ဗဟိုကော်မတီ အရံကိုယ်စားလှယ်များသည် အစည်းအဝေးတွင် ဆန္ဒမဲပေးခွင့်မရှိ၊ ဆွေးနွေးခွင့်မရှိဘဲ ဗဟိုကော်မတီ အစည်းအဝေးများသို့ တက်ရောက် ပိုင်ခွင့်ရှိသည်။ သို့သော် အဖွဲ့ချုပ်မှ ကုန်ကျစရိတ်များကိုကျခံမည် မဟုတ်ပါ။

(ခ) ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ဗဟိုကော်မတီအဖွဲ့ဝင်၏ အရံကိုယ်စားလှယ်များသည် အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက ဗဟိုကော်မတီသည် ရွေးကောက်ခံကိုယ်စားလှယ် ကိုယ်စားတက်ရောက်ရန် သီးခြား အရံကိုယ်စားလှယ် တစ်ဦးကိုတာဝန်ပေးနိုင်သည်။ သို့သော် ဗဟိုကော်မတီအဖွဲ့ဝင်နှင့် အရံ ကိုယ်စားလှယ် စုစုပေါင်း (၃) ဦး၏ ကိုယ်စားကို စာဖြင့်ရေးသားတောင်းဆိုရမည်။

(ဂ) အထွေထွေလုပ်ထုံးလုပ်နည်းအရ အစည်းအဝေးများသည် သီးသန့် ဖြစ်သည်။ သို့သော်လည်း ဥက္ကဋ္ဌ သည် အဖွဲ့ဝင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ အခြားသော ဧည့်သည်တော်များနှင့် အဖွဲ့ချုပ် ၏ ရုံးအဖွဲ့ဝင်များကို တက်ရောက်ခွင့်ပြုနိုင်သည်။

(ဃ) ဥက္ကဋ္ဌ သည် အစည်းအဝေးအစီအစဉ်အရ ဆွေးနွေးချက်များတွင် အကြံဉာဏ်များ ရယူလိုပါက အစည်းအဝေး တွင် တက်ရောက်ရန် လေ့လာသူများကို ခွင့်ပြုနိုင်သည်။

ပုဒ်မ (၁၆) အစည်းအဝေးအစီအစဉ်

ဖွဲ့စည်းပုံ၏ ပုဒ်မ ၂၁ နှင့် အညီ အရေးပေါ်လုပ်ငန်း ဆောင်ရွက်ချက်ကိစ္စများကို အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းနိုင်သည်။

ပုဒ်မ (၁၇) ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ

(က) ဥက္ကဋ္ဌ သည် အစည်းအဝေးတိုင်း၏ အဖွင့်အမှာစကားနှင့် နိဂုံးချုပ်အမှာစကားကို ပြောကြားရမည်။ ဗဟိုကော်မတီအစည်းအဝေးမတိုင်မီ အစည်းအဝေး အစီအစဉ်များနှင့်အညီ မဆောင်ရွက်မီ ဥက္ကဋ္ဌ သည် အစည်းအဝေး နှင့်သက်ဆိုင်သော သတင်းပေးပို့ချက်ကို ယူဆောင်ရမည်။ ဥက္ကဋ္ဌ သည် ဆွေးနွေးမှုများကို တည့်မတ်ပေးရမည်။ လုပ်ထုံးလုပ်နည်းများကို လိုက်နာစောင့်ထိန်းရန် တာဝန်ခံမည်။ ထိန်းသိမ်းမည်။ လမ်းညွှန်ချက်ပေးမည်။ ဆန္ဒမဲတောင်းခံမည်။ ဆန္ဒမဲရလဒ်ကိုကြေငြာမည်။

(ခ) ဥက္ကဋ္ဌ မတက်ရောက်နိုင်ပါက ဗဟိုကော်မတီသည် ဒုတိယဥက္ကဋ္ဌအား ဥက္ကဋ္ဌ ၏ ကိုယ်စား ဆောင်ရွက်စေမည်။

ပုဒ်မ (၁၈) အထူးကော်မတီများ

အမျိုးသမီးကော်မတီနှင့် လူငယ်ကော်မတီအပြင် ဗဟိုကော်မတီသည် မည်သည့် အထူးကော်မတီ မဆို ဖွဲ့စည်း နိုင်ပြီး ၎င်း၏စုဖွဲ့မှု တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆုံးဖြတ်သည်။

ပုဒ်မ (၁၉) ဆန္ဒမဲပေးခြင်းနှင့် နည်းစနစ်များ

(က) ကိုယ်စားလှယ်နှင့် ရွေးကောက်တင်မြှောက်ထားသော အရံကိုယ်စားလှယ်များမှလွဲ၍ အစားထိုး တက်ရောက်သူများသည် ဆန္ဒမဲပေးခွင့်မရှိပါ။

(ခ) လုပ်ထုံးလုပ်နည်းအရ ဆန္ဒမဲခံယူခြင်းကို လက်ထောင်မဲဖြင့် ပေးနိုင်သည်။

(ဂ) ဥက္ကဋ္ဌ သည် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ဆုံးဖြတ်ရာတွင် ဖြစ်နိုင်သမျှ သဘောတူညီမှု ကျယ်ပြန့်စွာ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရမည်။ သို့သော်လည်း ဆန္ဒမဲခံယူရန် တောင်းဆိုသည့်အခါ ဆုံးဖြတ်ချက်များကို ဗဟိုကော်မတီ အစည်းအဝေး၏ ထက်ဝက်ကျော်သော ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

ပုဒ်မ (၂၀) ဆုံးဖြတ်ချက်များ၊ ပြင်ဆင်ဖြည့်စွက်ချက်များနှင့် အဆိုပြုချက်များ

(က) ဗဟိုကော်မတီ၏ မည်သည့်အဖွဲ့ဝင်မဆို သို့မဟုတ် ကော်မတီအဖွဲ့ဝင်နေရာကို ရယူထားသော မည်သည့် အရံကိုယ်စားလှယ်မဆို အဆိုပြုချက်များနှင့် ပြင်ဆင်ဖြည့်စွက်ချက်များကို အောက်ပါအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပြုနိုင်သည်။

(ခ) မည်သည့်ဆုံးဖြတ်ချက် သို့မဟုတ် ပြင်ဆင်ဖြည့်စွက်ချက် သို့မဟုတ် အဆိုပြုချက်ပါ စာသားကို ဥက္ကဋ္ဌ သို့ စာရေးသားတင်ပြရမည်။ ဖြစ်နိုင်မည်ဆိုပါက အကြိမ်တိုင်းတွင် ၎င်းစာသားကို ဆန္ဒမဲမခံယူမီ ဖြန့်ဝေ ရမည်။

(ဂ) အဆိုပြုချက်နှင့် ဆုံးဖြတ်ချက်များအတွက် များစွာသော ပြင်ဆင်ဖြည့်စွက်ချက်များ ရှိခဲ့လျှင် ဥက္ကဋ္ဌ သည် ဆွေးနွေးမည့် အစီအစဉ်ကို အစဉ်လိုက်ဆုံးဖြတ်မည်။ လိုအပ်ပါက ဆန္ဒမဲခံယူမည်။

(ဃ) ဆွေးနွေးမှု ပြုလုပ်ဆဲ သို့မဟုတ် အတည်ပြုပြီးသော ပြင်ဆင်ဖြည့်စွက်ချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(င) လုပ်ထုံးလုပ်နည်းသတ်မှတ်ရန် အဆိုပြုချက်များရှိခဲ့လျှင် ဥက္ကဋ္ဌ အား စာရေးသား အကြောင်းကြားရန် မလိုပါ။ ဖြန့်ဝေရန်မလိုပါ။ လုပ်ထုံးလုပ်နည်းသတ်မှတ်သည့် အဆိုပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(င-၁) အကြောင်းအရာကို ပြန်လည်ထည့်သွင်းရန် အဆိုပြုချက်။

(င-၃) အစည်းအဝေးကို ခေတ္တ ရပ်ဆိုင်းရန် အဆိုပြုချက်။

(င-၄) သီးခြားအဆိုပြုချက် သို့မဟုတ် ဖြစ်ရပ်နှင့် ပတ်သက်၍ ဆွေးနွေးမှုကို ခေတ္တ ရပ်ဆိုင်းရန် အဆိုပြုချက်။

(င-၅) အစည်းအဝေး အစီအစဉ်ပါ နောက်ထပ် အကြောင်းအရာတစ်ခုကို ဗဟိုကော်မတီမှ ရှေ့ဆက်ရန် အဆိုပြုချက်။

(စ) ထောက်ခံဆွေးနွေးထားခြင်းမရှိသော အဆိုပြုချက်၊ ဆုံးဖြတ်ချက်နှင့် ပြင်ဆင်ဖြည့်စွက်ချက်များကို ဆွေးနွေး မည်မဟုတ်ပါ။

## အခန်း(၆)
## အစီရင်ခံစာများ၊ အစည်းအဝေးမှတ်တမ်းများနှင့် သတင်းထုတ်ပြန်ချက် (ကြေညာချက်)

**ပုဒ်မ (၂၁) အစီရင်ခံစာများ၊ အစည်းအဝေးမှတ်တမ်းများနှင့် သတင်းထုတ်ပြန်ကြေညာချက်**

(က) ဗဟိုကော်မတီ အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့သည့် စကားလုံးတိုင်း အတိအကျ ပြန်လည် အစီရင်ခံချက်ကို သိမ်းဆည်းထားရမည်။ ဤအစီရင်ခံချက်ကို ထုတ်ဝေရန် မဟုတ်ပါ။ ဖြန့်ဝေရန် မဟုတ်ပါ။

(ခ) ဥက္ကဋ္ဌ သည် အစည်းအဝေးမှတ်တမ်းများကို သိမ်းဆည်းထားရမည်။ မှတ်တမ်းများကို ထုတ်ဝေရန် မဟုတ်ပါ။ အစီရင်ခံစာ မူကြမ်းကို အစည်းအဝေး ကျင်းပပြီးစီးသည့်အခါတိုင်း မှတ်ချက်ပြုရန်အတွက် ဗဟိုကော်မတီ အဖွဲ့ဝင်များကို ပေးပို့ရမည်။ အစည်းအဝေးတိုင်း၏ အစကနဦးတွင် ပြီးခဲ့သည့် အစည်း အဝေး၏ အနှစ်ချုပ် အစီရင်ခံစာကို အတည်ပြုရမည်။

(ဂ) ဥက္ကဋ္ဌ မှ ကြိုတင်ပြင်ဆင်ပေးသော အချက်အလက်များ၊ ဗဟိုကော်မတီ အစည်းအဝေး အစီအစဉ်ပါ အကြောင်းအရာများနှင့် သက်ဆိုင်သော အချက်အလက်များကို အစည်းအဝေး မစတင်မီ ဗဟိုကော်မတီ အဖွဲ့ဝင်များကို ဖြန့်ဝေပေးရမည်။

(ဃ) ဗဟိုကော်မတီ အစည်းအဝေးမကျင်းပမီ၊ ကျင်းပနေစဉ်အတွင်းနှင့် ကျင်းပပြီးသည့်အခါ သင့်တော်သော သတင်းအချက်အလက်များအတွက် မီဒီယာသို့ ထုတ်ပြန်ခွင့်ကို ဗဟိုကော်မတီမှ ဆောင်ရွက်ရန်မည်။

(င) သီခြားလုပ်ငန်း ဆောင်ရွက်ချက်အတွက် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များအား မည်သည့် အဖွဲ့ဝင် အဖွဲ့အစည်းမဆို သို့မဟုတ် အဖွဲ့ဝင်အဖွဲ့အစည်းမဆို သို့မဟုတ် အဖွဲ့ဝင် အဖွဲ့အစည်းများ အားလုံးက တောင်းဆိုပါက ဥက္ကဋ္ဌ သည် ယင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တောင်းဆို သည့် အဖွဲ့အစည်းများအားလုံးကို ဖြန့်ဝေပေးရမည်။ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော် ဆောင် ရွက်မှုကို ဥက္ကဋ္ဌ ထံသို့ ပြန်လည်သတင်းပို့ရမည်။ ဥက္ကဋ္ဌ သည် ယင်းလုပ်ငန်း ဆောင်ရွက်ချက်နှင့် ပတ်သက် ၍ ဗဟိုကော်မတီသို့ အစီရင်ခံ တင်ပြရမည်။

## အခန်း (၇)
## ဗဟိုအလုပ်အမှုဆောင်ကော်မတီ လုပ်ထုံးလုပ်နည်းများ

**ပုဒ်မ (၂၂) အစည်းအဝေးများ**

(က) အထွေထွေ လုပ်ထုံးလုပ်နည်းအရ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် (၃) လလျှင် (၁) ကြိမ် ကျင်းပ ရမည်။ သို့မဟုတ် ဥက္ကဋ္ဌ မှ လိုအပ်သည်ဟု ယူဆပါက ကျင်းပရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး အကြိမ်အရေအတွက် ပိုမို ကျင်းပလိုပါက အနည်းဆုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင် (၃) ဦးမှ လက်မှတ်ရေးထိုးထားသော တောင်းဆိုစာ လက်ခံ ရရှိလျှင် ကျင်းပနိုင်ပါသည်။ ဥက္ကဋ္ဌ အနေဖြင့် အစည်းအဝေး တစ်ရပ်လုံး သို့မဟုတ် အချိန်ပိုင်း ပျက်ကွက် ပါက ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ ၏ ပျက်ကွက်မှုအတွက် (မတက်ရောက်နိုင်မှုအတွက်) သဘာပတိနေရာ တာဝန်ယူနိုင်သည်။

**ပုဒ်မ (၂၃) အစည်းအဝေးအစီအစဉ်**

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး၏ အစည်းအဝေး အစီအစဉ်မတိုင်မီ ဥက္ကဋ္ဌ သည် အစည်း အဝေး အစီအစဉ်မတိုင်မီ ဥက္ကဋ္ဌ သည် အစည်းအဝေးအစီအစဉ်မူကြမ်းကို ကြိုတင်ပြင်ဆင်၍ ဗဟိုအလုပ်

အမှုဆောင်ကော်မတီအဖွဲ့ဝင်များသို့ အစည်းအဝေးကျင်းပမည့် နေ့ရက်မတိုင်မီ သက်ဆိုင်သည့် အချက်အလက် များနှင့်တကွ ပေးပို့ရမည်။

(ခ) အရေးပေါ်ကိစ္စရပ်များကို အစည်းအဝေးအစီအစဉ်တွင် ထပ်မံ ဖြည့်စွက်နိုင်သည်။

**ပုဒ်မ (၂၄) ဆန္ဒမဲပေးခြင်း**

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ဆန္ဒမဲပေးခြင်းဖြင့် ဆုံးဖြတ်ချက်များကို ဆောင်ရွက်ခြင်းထက် ဖြစ်နိုင်သမျှ ကျယ်ပြန့်သည့် သဘောတူညီမှု ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရမည်။ သို့သော်လည်း ဆန္ဒမဲ ခံယူရမည်ဆိုပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်အားလုံး၏ ထက်ဝက်ကျော်သော ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။

(ခ) လုပ်ထုံးလုပ်နည်းအရ လက်ထောင်မဲစနစ်ဖြင့် ဆန္ဒမဲပေးရမည်။

**ပုဒ်မ (၂၅) မှတ်တမ်းနှင့် အစီရင်ခံစာများ**

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့သည့် စကားလုံးအတိုင်း အတိအကျ ပြန်လည် အစီရင်ခံချက်ကို သိမ်းဆည်းရမည်။ ထုတ်ပေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်ရပါ။

(ခ) အစီရင်ခံစာ မူကြမ်းကို အစည်းအဝေးပြီးသည့်အခါတိုင်း ဗဟိုကော်မတီသို့ သတင်းအချက်အလက် ရရှိနိုင်ရန်အတွက် ပေးပို့ရမည်။ အစည်းအဝေးအတိုင်း၏ အနှစ်ချုပ် အစီရင်ခံစာကို ဥက္ကဋ္ဌ မှ ကြိုတင် ပြင်ဆင်ဆောင်ရွက်၍ ဗဟိုကော်မတီမှ ၎င်း၏ အစည်းအဝေးတွင် ထောက်ခံပေးရမည်။

## အခန်း (၈)

## ပုဒ်မ (၁) လူငယ်ကော်မတီဖွဲ့စည်းခြင်း

(က) လူငယ်ဆိုသည်မှာ အသက် (၃၅) နှစ်နှင့် အောက်ပုဂ္ဂိုလ်များဖြစ်သည်။

(ခ) မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏ ဖွဲ့စည်းပုံစည်းမျဉ်း ပုဒ်မ (၂၃) ပါ ပြဋ္ဌာန်းချက်များအရ ဗဟိုကော်မတီသည် လူငယ်ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးရမည်။ ညီလာခံမှ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် လူငယ်ကော်မတီ ကို ဖွဲ့စည်းရမည်။

(ဂ) လူငယ်ကော်မတီတွင် အလုပ်သမားသမဂ္ဂမှ တက်ကြွလှုပ်ရှားသော လူငယ်များဖြင့် ဖွဲ့စည်းရမည်။ လူငယ်ကော်မတီတွင် အဖွဲ့ဝင် (၈) ဦး နှင့် ပထမအဆင့် အရံကော်မတီ၊ ဒုတိယအဆင့် အရံကော်မတီ အဖွဲ့ဝင်များ၏ အမည်စာရင်းကို CTUM ၏ အဖွဲ့ဝင် အဖွဲ့အစည်းများမှ အမည်စာရင်းတင်သွင်းရမည်။ အမည်စာရင်း တင်သွင်းရာတွင် အဖွဲ့ချုပ်၏ မူဝါဒဖြစ်သည့် ကျား/မ ပါဝင်မှု အချိုးအစား ကွာဟချက် မရှိစေရေး မူဝါဒနှင့်အညီ အမည်စာရင်းကို တင်သွင်းရမည်။

(ဃ) အဖွဲ့ဝင် အဖွဲ့အစည်းများမှ လူငယ်ကော်မတီတွင် တာဝန်ပေးအပ်ရန် ပေးပို့လာသည့် အမည်စာရင်း များကို CTUM ဗဟိုကော်မတီမှ အတည်ပြုပေးရမည်။

(င) လူငယ်ကော်မတီအဖွဲ့ဝင်များနှင့် အရံကိုယ်စားလှယ်များ၏ နေရာလစ်လပ်ပါက အစားထိုး တာဝန်ပေးအပ်ရန်အတွက် လစ်လပ်သွားသည့်နေရာတွင် တာဝန်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်၏ မိခင်အဖွဲ့အစည်း မှ ကိုယ်စားလှယ်တစ်ဦးအား စေလွှတ်ပေးရမည်။ ထိုကိုယ်စားလှယ်အား ဗဟိုကော်မတီမှ အတည်ပြု ပေးရမည်။

ပုဒ်မ (၂) တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) စီးပွားရေး၊ လူမှုရေး၊ ဥပဒေရေးရာနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များသည် လူငယ်များ၏ အလုပ်လုပ် ကိုင်နေမှု အခြေအနေများကို ထိခိုက်နိုင်ခြင်း ရှိမရှိကို စောင့်ကြည့်သုံးသပ်ရန်။

(ခ) လူငယ်အလုပ်သမားများနှင့် အလုပ်သမားသမဂ္ဂ လူငယ်အဖွဲ့ဝင်များ၏ အကျိုးငှာ မြန်မာနိုင်ငံလုံး ဆိုင်ရာ သမားသမဂ္ဂများအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် မူဝါဒများအပေါ်တွင် ထင်မြင်ချက်၊ အကြံပြုချက်များကို တင်ပြနိုင်ရန်။

(ဂ) လူငယ်အလုပ်သမားများအတွက် လိုအပ်သည့် လုပ်ငန်းစီမံချက်များကို ရေးဆွဲပြင်ဆင်ရန်။

(ဃ) အဖွဲ့ချုပ် CTUM ရှိ လူငယ်အလုပ်သမားများ၏ စိတ်ဝင်စားမှုနှင့် အမြင်များကို ကိုယ်စားပြုနိုင်ရန်။

(င) အလုပ်သမားသမဂ္ဂလှုပ်ရှားမှု အဆင့်ဆင့်တိုင်းတွင် လူငယ် အလုပ်သမားသမဂ္ဂ တက်ကြွလှုပ်ရှားသူများ ပါဝင်မှုကို မြှင့်တင်ရန်၊ အဖွဲ့ချုပ်၏ လူငယ်လူရွယ်များနှင့် စပ်လျဉ်းသည့်မှုများချမှတ်မှုကိုအားဖြည့် တိုးမြှင့်သွားရန်။

ပုဒ်မ (၃) အဖွဲ့ဝင်များနှင့် တွဲဖက်အဖွဲ့ဝင်များ

(က) အဖွဲ့ဝင်များ

(က-၁) လူငယ်ကော်မတီ အဖွဲ့ဝင်များသည် ဆွေးနွေးတင်ပြခွင့်နှင့် ကော်မတီ၏ အစီအစဉ်တွင် ပါဝင်သည့် အကြောင်းအရာအားလုံးအား မဲပေးဆုံးဖြတ်ခွင့်ရှိသည်။ လူငယ်အရံကော်မတီ အဖွဲ့ဝင်များသည် အစည်းအဝေးတွင် အမြဲတမ်း ကော်မတီအဖွဲ့ဝင်များနှင့် လိုအပ်ချက်အရ အတူလိုက်ပါခွင့် (သို့မဟုတ်) ကော်မတီ အဖွဲ့ဝင်များ မတက်ရောက်နိုင်ပါက အရံကော်မတီ အဖွဲ့ဝင်များမှ ကိုယ်စား တက်ရောက်ခွင့်ရှိသည်။

(က-၂) အရံကိုယ်စားလှယ်များသည် အစည်းအဝေးတွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့မဟုတ် ကော်မတီ အဖွဲ့ဝင် မတက်ရောက်နိုင်သည့် အချိန်တွင်သာ မဲပေးပိုင်ခွင့်ရှိသည်။

(ခ) တွဲဖက်အဖွဲ့ဝင်များ

(ခ-၁) ဗဟိုကော်မတီသည် လူငယ်ကော်မတီသို့တက်ရောက်ရန် တွဲဖက်အဖွဲ့ဝင် ကိုယ်စားလှယ်များ ကို ရွေးချယ်အတည်ပြုပေးခွင့် ရှိသည်။ တွဲဖက်အဖွဲ့ဝင်များသည် လူငယ်ကော်မတီ ဥက္ကဋ္ဌ ၏ ခွင့်ပြုချက်ဖြင့် အစည်းအဝေးများတွင် ပါဝင်ဆွေးနွေးနိုင်ရန် ဖိတ်ကြားခံပိုင်ခွင့်ရှိသည်။

ပုဒ်မ (၄) လုပ်ထုံးလုပ်နည်းများ

(က) အစည်းအဝေးများ

လူငယ်ကော်မတီသည် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် အစည်းအဝေး ကျင်းပရမည်။ အဖွဲ့ချုပ် CTUM သည် လူငယ်ကော်မတီ၏ အစည်းအဝေးခေါ်ရန် လိုအပ်ပါက လိုအပ်သည့်အချိန်တွင် အစည်းအဝေး ခေါ်ယူခွင့်ရှိရမည်။ အစည်းအဝေးပြုလုပ်မည့် နေ့ရက်အား လူငယ်ကော်မတီဥက္ကဋ္ဌ နှင့် ဆွေးနွေးညှိနှိုင်း၍ သတ်မှတ်ရမည်။ အစည်းအဝေးခေါ်ယူရန် ရန်ပုံငွေ ပံ့ပိုးနိုင်မှု အခြေအနေပေါ်မူတည်၍ အဖွဲ့ချုပ် CTUM သည် လူငယ်ကော်မတီ အဖွဲ့ဝင်မဟုတ်သူများ၊ အရံကော်မတီအဖွဲ့ဝင် မဟုတ်သူများနှင့် အခြားမည်သည့် ပုဂ္ဂိုလ်ကို မဆို လူငယ်ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

(ခ) အစည်းအဝေး အထမြောက်ခြင်းနှင့် မဲပေးခြင်း

လုပ်ငန်းကော်မတီအဖွဲ့ဝင် (၅) ဦး တက်ရောက်မှသာလျှင် လုပ်ငန်းကော်မတီ အစည်းအဝေး အထမြောက်သည်။ မဲပေးရာတွင် လက်ထောင်မဲပေးစနစ်ကို ကျင့်သုံးသည်။

(ဂ) ရွေးကောက်တင်မြှောက်ခြင်း

(ဂ-၁) အဖွဲ့ချုပ် CTUM ၏ ညီလာခံကျင်းပချိန်၌ CTUM ၏ အဆင့်ဆင့်သော ခေါင်းဆောင်မှုတွင် ကျား / မ အရေအတွက် ကွာခြားမှုမရှိစေရေးမူဝါဒနှင့်အညီ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌ တို့အား ရွေးချယ်ရမည်။

(ဂ-၂) လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ တို့အဖွဲ့မှ နုတ်ထွက်ခြင်း၊ လစ်လပ်ခြင်းရှိပါက လုပ်ငန်းကော်မတီ အဖွဲ့ဝင်များမှ ရွေးချယ်၍ လစ်လပ်သည့်နေရာအား ဖြည့်ဆည်းရမည်။

(ဃ) ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ တို့၏ အခန်းကဏ္ဍ

(ဃ-၁) လုပ်ငန်းကော်မတီ ဥက္ကဋ္ဌသည်လုပ်ငန်းကော်မတီအဖွဲ့အစည်းများ၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ-၂) လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့သည် အဖွဲ့ချုပ် CTUM ၏ ဗဟိုကော်မတီ အဖွဲ့ဝင်များဖြစ်သည်။

(ဃ-၃) ဥက္ကဋ္ဌ ပျက်ကွက်ပါက ဒုဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ကိုယ်စား ဆောင်ရွက်ရမည်။

(ဃ-၄) ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌ တို့သည် လုပ်ငန်းကော်မတီအား ကိုယ်စား မပြုနိုင်သော အခြေအနေတွင် ဥက္ကဋ္ဌသည် လုပ်ငန်းကော်မတီအဖွဲ့ဝင်များထဲမှ ကိုယ်စားလှယ်တစ်ဦးကို လုပ်ငန်းကော်မတီအား ကိုယ်စားပြု ဆောင်ရွက်ရန် ရွေးချယ်တာဝန်ပေးအပ်ရမည်။

ပုဒ်မ (၅) လုပ်ငန်းကော်မတီအဖွဲ့ဝင်များ

(က) ဗဟိုကော်မတီသည် အဖွဲ့ဝင်အဖွဲ့အစည်းများမှ အဆိုပြုတင်သွင်းလာသည့် အမည်စာရင်းများထဲမှ ညီလာခံသက်တမ်း (၅) နှစ်ကာလအတွင်း တာဝန်ထမ်းဆောင်နိုင်မည့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များအား ရွေးချယ်တာဝန်ပေးအပ်ရမည်။ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM ၏ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲထားသော၊ နုတ်ထွက်သွားသော အဖွဲ့အစည်းနှင့် အဖွဲ့ချုပ်သို့ အဖွဲ့ဝင်ကြေး ပေးသွင်းရန် ကြွေးကျန်ရှိသော အဖွဲ့အစည်းမှ မည်သည့်ပုဂ္ဂိုလ်မဆို (သို့မဟုတ်) ဗဟိုကော်မတီမှ ကျိုးကြောင်း ညီညွတ်သော အကြောင်းပြချက်ဖြင့် အတည်ပြု တာဝန်ပေးအပ်ထားသူ မဟုတ်ပါက လုပ်ငန်းကော်မတီအဖြစ် တာဝန်မထမ်းဆောင်စေရ။

(ခ) လုပ်ငန်းကော်မတီ အမြဲတမ်းအဖွဲ့ဝင် မည်သူမဆို ကော်မတီ၏ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိပါက ၎င်း၏ အရံကိုယ်စားလှယ်သည် ၎င်းကိုယ်စားအဖွဲ့ဝင်အဖြစ် အစည်း အဝေးသို့ တက်ရောက် ခွင့်ရှိသည်။ ကိုယ်စားလှယ်များသည် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသည့် အကြောင်းကို (၇) ရက်ကြိုတင်၍ ဥက္ကဋ္ဌထံသို့ တာဝန်တစ်ရပ်အနေဖြင့် အကြောင်းကြားရမည်။ သို့သော် အရေးပေါ် ထူးခြားသော အကြောင်းအရာကိစ္စ ပေါ်ပေါက်လာပါက ကော်မတီ ဥက္ကဋ္ဌထံသို့ ချက်ချင်း အကြောင်း ကြားရမည်။

**ပုဒ်မ (၆) လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များ**

အခြေခံစည်းမျဉ်းစည်းကမ်းအရ လူငယ်ကော်မတီအစည်းအဝေး တက်ရောက်နိုင်ရန်အတွက် လာရောက်ရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်များ (ခရီးစရိတ်၊ လမ်းခရီးတွင်စားစရိတ်၊ လမ်းခရီးနှင့် အစည်းအဝေး ကာလအတွင်း တည်းခိုစရိတ်) ကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းမှ တာဝန်ယူကျခံရမည် ဖြစ်ပါသည်။ ကော်မတီ၏ အခြားသော လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များကို အဖွဲ့ချုပ် CTUM မှ ကျခံသုံးစွဲရမည်။

**ပုဒ်မ (၇) အသက်အပိုင်းအခြား**

လူငယ်ကော်မတီအဖွဲ့ဝင်များသည် ညီလာခံကျင်းပသည့်အချိန်တွင် အသက်၃၀ နှစ်နှင့်အောက် ဖြစ်ရမည်။ အသွင်ကူးပြောင်းရေးကာလ (၂၀၁၄-၂၀၁၉) အတွင်း ပထမအကြိမ် ညီလာခံသက်တမ်းတွင် ညီလာခံ ကျင်းပသည့်အချိန်တွင် အသက် ၃၅ နှစ်နှင့်အောက် ပုဂ္ဂိုလ်များ ရွေးချယ်နိုင်သည်။

**ပုဒ်မ (၈) လုပ်ငန်းသုံးဘာသာစကား**

လူငယ်ကော်မတီ၏ လုပ်ငန်းသုံးဘာသာစကားသည် မြန်မာဘာသာစကား ဖြစ်သည်။

**ပုဒ်မ (၉) အတွင်းရေးမှူးအဖွဲ့**

(က) အဖွဲ့ချုပ် CTUM ဥက္ကဋ္ဌသည် CTUM ၏ အတွင်းရေးမှူးအဖွဲ့မှ လူငယ်ကော်မတီ အတွင်းရေးမှူး တစ်ဦးအား ရွေးချယ် တာဝန်ပေးအပ်ရမည်။

(ခ) လူငယ်ကော်မတီ အတွင်းရေးမှူးသည် လူငယ်ကော်မတီ ဥက္ကဋ္ဌ နှင့် ဆွေးနွေးညှိနှိုင်းကာ အဖွဲ့ချုပ် CTUM ၏ မူများနှင့် အညီ လူငယ်ကော်မတီ၏ လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစား သင့်သည့် လုပ်ငန်း အစီအစဉ်များကို ပြင်ဆင်ရမည်။

## အခန်း(၉)
## အမျိုးသမီးကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**ပုဒ်မ (၁) အမျိုးသမီးကော်မတီ ဖွဲ့စည်းခြင်း**

(က) မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏ အမျိုးသမီးများ အားလုံးသည် အဖွဲ့ချုပ်၏ အမျိုးသမီး အဖွဲ့ဝင်များဖြစ်သည်။

(ခ) မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏ ဖွဲ့စည်းပုံစည်းမျဉ်းပုဒ်မ (၂၃) ပါ ပြဋ္ဌာန်းချက်အရ ဗဟိုကော်မတီ တစ်ရပ်ကို ဖွဲ့စည်းပေးရမည်။ ညီလာခံမှ ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် အမျိုးသမီးကော်မတီကို ဖွဲ့စည်းရမည်။

(ဂ) အမျိုးသမီးကော်မတီတွင် အလုပ်သမားသမဂ္ဂမှ တက်ကြွလှုပ်ရှားသော အမျိုးသမီးကော်မတီတွင် ကော်မတီဝင် (၈) ဦး နှင့် ပထမအဆင့် အရံကော်မတီ၊ ဒုတိယ အဆင့်အရံကော်မတီ အဖွဲ့ဝင်များ၏ အမည်စာရင်းကို CTUM ၏အဖွဲ့ဝင် အဖွဲ့အစည်းများမှ အမည်စာရင်းတင်သွင်းရမည်။

(ဃ) အဖွဲ့ဝင်အဖွဲ့အစည်းများမှ အမျိုးသမီးကော်မတီတွင် တာဝန်ပေးအပ်ရန် ပေးပို့လာသည့် အမည်စာရင်းများကို CTUM ဗဟိုကော်မတီမှ အတည်ပြုပေးရမည်။

(င) အမျိုးသမီးကော်မတီ အဖွဲ့ဝင်များနှင့် အရံကိုယ်စားလှယ်များ၏ နေရာလစ်လပ်ပါက အစားထိုး တာဝန်ပေးအပ် ရန်အတွက် လစ်လပ်သွားသည့်နေရာတွင် တာဝန်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်၏ မိခင် အဖွဲ့အစည်း

မှ ကိုယ်စားလှယ်တစ်ဦးအား စေလွှတ်ပေးရမည်။ ထိုကိုယ်စားလှယ်အား ဗဟိုကော်မတီမှ အတည်ပြုပေးရမည်။

ပုဒ်မ (၂) တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(က) စီးပွားရေး၊ လူမှုရေး၊ ဥပဒေရေးရာ နှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များသည် အမျိုးသမီးများ၏ အလုပ်လုပ်ကိုင်နေမှု အခြေအနေများကို ထိခိုက်နိုင်ခြင်းရှိမရှိကို စောင့်ကြည့်သုံးသပ်ရန်။

(ခ) အမျိုးသမီးများ အလုပ်သမားများနှင့် အလုပ်သမားသမဂ္ဂ အမျိုးသမီး အဖွဲ့ဝင်များ၏အကျိုးငှါ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် မူဝါဒများအပေါ်တွင် ထင်မြင်ချက်၊ အကြံပြုချက်များကိုတင်ပြနိုင်ရန်။

(ဂ) မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် အမျိုးသမီးအလုပ်သမားများအတွက် ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစီမံချက်များကိုရေးဆွဲပြင်ဆင်ရန်။

(ဃ) မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ရှိ အဖွဲ့ဝင်အမျိုးသမီး အလုပ်သမားများ၏ စိတ်ဝင်စားမှုနှင့် အမြင်များကို ကိုယ်စားပြုရန်။

(င) အလုပ်သမားသမဂ္ဂ လှုပ်ရှားမှုအဆင့်ဆင့်တိုင်းတွင် အမျိုးသမီး အလုပ်သမားသမဂ္ဂ တက်ကြွလှုပ်ရှားသူများ ပါဝင်မှုကို မြှင့်တင်နိုင်ရန် အဖွဲ့ချုပ်၏ ကျား/မ တန်းတူညီမျှမှုနှင့်စပ်လျဉ်းသည့် ပေါ်လစီ (မူဝါဒ) များချမှတ်မှုကို အားဖြည့်တိုးမြှင့်သွားရန်။

ပုဒ်မ (၃) အဖွဲ့ဝင်များနှင့် တွဲဖက်အဖွဲ့ဝင်များ

(က) အဖွဲ့ဝင်များ

(က-၁) အမျိုးသမီးကော်မတီအဖွဲ့ဝင်များသည် ဆွေးနွေးတင်ပြခွင့်နှင့် ကော်မတီ၏ အစီအစဉ်တွင် ပါဝင်သည့် အကြောင်းအရာအားလုံးအား မဲပေးဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ အမျိုးသမီးအရံ ကော်မတီ၏ အရံအဖွဲ့ဝင်များသည် အစည်းဝေးများတွင် ကော်မတီအဖွဲ့ဝင်များနှင့် လိုအပ် ချက်အရ အတူလိုက်ပါခွင့် (သို့မဟုတ်) ကော်မတီအဖွဲ့ဝင်များ မတက်ရောက်နိုင်ပါက အရံ ကော်မတီအဖွဲ့ဝင်များမှ ကိုယ်စား တက်ရောက်ခွင့် ရှိသည်။

(က-၂) အရံကိုယ်စားလှယ်များသည် အစည်းအဝေးများတွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ကော်မတီအဖွဲ့ဝင် မတက်ရောက်နိုင်သည့်အချိန်တွင်သာ မဲပေးခွင့်ရှိသည်။

(ခ) တွဲဖက်အဖွဲ့ဝင်များ

ဗဟိုကော်မတီသည် အမျိုးသမီးကော်မတီသို့တက်ရောက်ရန် တွဲဖက်အဖွဲ့ဝင် ကိုယ်စားလှယ်များကို ရွေးချယ်အတည်ပြုပေးခွင့်ရှိသည်။ တွဲဖက်အဖွဲ့ဝင်များသည် အမျိုးသမီး ကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အစည်းအဝေးများတွင် ပါဝင်ဆွေးနွေးနိုင်ရန် ဖိတ်ကြားခံပိုင်ခွင့်ရှိသည်။

ပုဒ်မ (၄) လုပ်ထုံးလုပ်နည်းများ

(က) အစည်းအဝေးများ

အမျိုးသမီးကော်မတီသည် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တွေးဆုံအစည်းအဝေးခေါ်ရမည်။ အဖွဲ့ချုပ် CTUM သည် အမျိုးသမီးကော်မတီ၏ အစည်းအဝေးခေါ်ယူရန် လိုအပ်ပါက လိုအပ်သည့်အချိန်တွင် အစည်းအဝေး

ခေါ်ယူခွင့်ရှိရမည်။ အစည်းအဝေးပြုလုပ်မည့် နေ့ရက်အား အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ နှင့် ဆွေးနွေးညှိနှိုင်း၍ သတ်မှတ်ရမည်။ အစည်းအဝေးခေါ်ယူရန် ရန်ပုံငွေပံ့ပိုးနိုင်မှု အခြေအနေ ပေါ်မူတည်၍ အဖွဲ့ချုပ် CTUM သည် အမျိုးသမီးကော်မတီအဖွဲ့ဝင်မဟုတ်သူများ၊ အရံကော်မတီ အဖွဲ့ဝင်မဟုတ်သူများနှင့် အခြားမည်သည့် ပုဂ္ဂိုလ်မဆို အမျိုးသမီးကော်မတီ အစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

(ခ) **အစည်းအဝေးအထမြောက်ခြင်းနှင့် မဲပေးခြင်း**

အမျိုးသမီးကော်မတီ အဖွဲ့ဝင်(၅)ဦး တက်ရောက်မှသာလျှင် အမျိုးသမီးကော်မတီ အစည်းအဝေး အထမြောက်သည်။ မဲပေးရာတွင် လက်ထောင်မဲစနစ်ကို ကျင့်သုံးသည်။

**(ဂ) ရွေးကောက်တင်မြှောက်ခြင်း**

(ဂ-၁) အဖွဲ့ချုပ် CTUM ညီလာခံအချိန်တွင် အမျိုးသမီးကော်မတီ အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ တို့အား ရွေးချယ်ရမည်။

(ဂ-၂) အမျိုးသမီးကော်မတီ၏ ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌတို့ အဖွဲ့မှ နုတ်ထွက်ခြင်း လစ်လပ်ခြင်းရှိပါက အမျိုးသမီးကော်မတီအဖွဲ့ဝင်များမှ ရွေးချယ်၍ လစ်လပ်သည့် နေရာအားဖြည့်ဆည်းရမည်။

**(ဃ) ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌတို့၏ အခန်းကဏ္ဍ**

(ဃ-၁) အမျိုးသမီးကော်မတီဥက္ကဋ္ဌသည် အမျိုးသမီးကော်မတီ အစည်းအဝေးများ၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ-၂) အမျိုးသမီးကော်မတီ၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့သည် အဖွဲ့ချုပ် CTUM ၏ ဗဟိုကော်မတီ အဖွဲ့ဝင်များဖြစ်သည်။

(ဃ-၃) ဥက္ကဋ္ဌ ပျက်ကွက်ပါက ဒုဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ ကိုယ်စားဆောင်ရွက်ရမည်။

(ဃ-၄) ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌ တို့သည် အမျိုးသမီးကော်မတီအား ကိုယ်စားမပြုနိုင်သော အခြေအနေတွင် ဥက္ကဋ္ဌ သည် အမျိုးသမီးကော်မတီအဖွဲ့ဝင်များထဲမှ ကိုယ်စားလှယ်တစ်ဦးကို အမျိုးသမီးကော်မတီအား ကိုယ်စားပြုဆောင်ရွက်ရန် ရွေးချယ်တာဝန်ပေးအပ်ရမည်။

**ပုဒ်မ (၅) အမျိုးသမီးကော်မတီ အဖွဲ့ဝင်များ**

(က) ဗဟိုကော်မတီသည် အဖွဲ့ဝင်အဖွဲ့အစည်းများမှ အဆိုပြုတင်သွင်းလာသည့် အမည်စာရင်းများထဲမှ ညီလာခံ သက်တမ်း (၅) နှစ်ကာလအတွင်း တာဝန်ထမ်းဆောင်နိုင်မည့် အမျိုးသမီးကော်မတီ အဖွဲ့ဝင်များအား ရွေးချယ်တာဝန်ပေးအပ်ရမည်။ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM ၏ အဖွဲ့ဝင် အဖြစ်မှ ရပ်စဲထားသော သို့မဟုတ် နုတ်ထွက်သွားသော အဖွဲ့အစည်းနှင့် အဖွဲ့ချုပ် သို့ အဖွဲ့ဝင်ကြေးပေး သွင်းရန် ကြွေးကျန်ရှိသော အဖွဲ့အစည်းမှမည်သည့်ပုဂ္ဂိုလ်မဆို သို့မဟုတ် ဗဟိုကော်မတီမှ ကျိုးကြောင်း ညီညွတ်သော အကြောင်းပြချက်ဖြင့် အတည်ပြု တာဝန်ပေးအပ်ထားသူ မဟုတ်ပါက အမျိုးသမီ ကော်မတီ အဖွဲ့ဝင်အဖြစ် တာဝန်မထမ်းဆောင်စေရ။

(ခ) အမျိုးသမီးကော်မတီအဖွဲ့ဝင် မည်သူမဆို ကော်မတီ၏ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိ ပါက ၎င်း၏ အရံကိုယ်စားလှယ်သည် ၎င်းကိုယ်စား အဖွဲ့ဝင်အဖြစ် အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည်။ ကိုယ်စားလှယ်များသည် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသည့်အကြောင်းကို (၇) ရက် ကြိုတင်၍

ဥက္ကဋ္ဌ ထံသို့ တာဝန်တစ်ရပ်အနေဖြင့် အကြောင်းကြားရမည်။ သို့သော် အရေးပေါ် ထူးခြားသော အကြောင်း အရာကိစ္စ ပေါ်ပေါက်လာပါက ကော်မတီ ဥက္ကဋ္ဌထံသို့ ချက်ချင်းအကြောင်း ကြားရမည်။

**ပုဒ်မ (၆) လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ**

အခြေခံ စည်းမျဉ်းစည်းကမ်းအရ၊ အမျိုးသမီးကော်မတီ အစည်းအဝေး တက်ရောက်ရန်အတွက် လာရောက် ရာတွင် ကုန်ကျစရိတ်များ (ခရီးစရိတ်၊ လမ်းခရီးတွင် စားစရိတ်၊ လမ်းခရီးနှင့် အစည်းအဝေး ကာလအတွင်း တည်းခို စရိတ်) ကို သက်ဆိုင်ရာမိခင်အဖွဲ့အစည်းမှ တာဝန်ယူကျခံရမည် ဖြစ်ပါသည်။ ကော်မတီ၏ အခြားသော လုပ်ငန်း ဆောင်ရွက်မှု ကုန်ကျစရိတ်များကို အဖွဲ့ချုပ် CTUM မှ ကျခံသုံးစွဲရမည်။

**ပုဒ်မ (၇) လုပ်ငန်းသုံးဘာသာစကား**

အမျိုးသမီးကော်မတီ၏ လုပ်ငန်းသုံးဘာသာစကားသည် မြန်မာဘာသာစကား ဖြစ်သည်။

**ပုဒ်မ (၈) အတွင်းရေးမှူးအဖွဲ့**

(က) အဖွဲ့ချုပ် CTUM ဥက္ကဋ္ဌသည် CTUM ၏ အတွင်းရေးမှူး အဖွဲ့မှ အမျိုးသမီးကော်မတီ အတွင်းရေးမှူး တစ်ဦး အား ရွေးချယ်တာဝန် ပေးအပ်ရမည်။

(ခ) အမျိုးသမီးကော်မတီ အတွင်းရေးမှူးသည် အမျိုးသမီးကော်မတီ၏ ဥက္ကဋ္ဌ နှင့် ဆွေးနွေးညှိနှိုင်းကာ အဖွဲ့ချုပ် CTUM ၏ မူဝါဒများ နှင့် အညီ အမျိုးသမီးကော်မတီ၏ လုပ်ငန်းစီမံချက်များရေးဆွဲရာတွင် ထည့်သွင်းစဉ်းစား သင့်သည့် လုပ်ငန်းအစီအစဉ်များကို ပြင်ဆင်ရေးဆွဲရမည်။

## အခန်း (၁၀)
## ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

**ပုဒ်မ (၁) ကော်မတီ၏ အမည်**

မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏ ဘဏ္ဍာရေးနှင့်စာရင်းစစ် ကော်မတီ (Finance and Audit Committee FAC) ဟု ခေါ်တွင်စေရမည်။

**ပုဒ်မ (၂) ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ ဖွဲ့စည်းခြင်း**

ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီကို ဗဟိုကော်မတီအဖွဲ့ဝင်များထဲမှ အဖွဲ့ဝင် (၅) ဦးဖြင့် ပါဝင် ဖွဲ့စည်း ရမည်။ ဖွဲ့စည်းမှုသည် အဖွဲ့ချုပ် CTUM မူဝါဒ ဖြစ်သည့် ကျား/မ အရေအတွက် ကွာဟမှု လျော့နည်းစေရေးမူဝါဒနှင့် အညီ ဖြစ်စေရမည်။ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် စာရင်းစစ် ကော်မတီတွင် မဲပေးပိုင်ခွင့် မရရှိစေဘဲ ရာထူးရ အဖွဲ့ဝင်များ ဖြစ်သည်။

**ပုဒ်မ (၃) ကော်မတီတာဝန်ခံများ**

ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီသည် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ကော်မတီအဖွဲ့ဝင်များထဲမှ ရွေးချယ် ရမည်။ ဘဏ္ဍာရေးမှူးသည် ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

**ပုဒ်မ (၄) ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ၏ လုပ်ငန်းနှင့်တာဝန်ရှိမှုများ**

ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ၏ လုပ်ငန်းနှင့်တာဝန်ရှိသူများမှာ -

(က) အဖွဲ့ချုပ်၏ ဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ ပြန်လည် စစ်ဆေးရန်နှင့် လိုအပ်ချက်များကို ဗဟိုကော်မတီသို့ တင်ပြအကြံပြုရန်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ တင်ပြရန်အတွက် အဖွဲ့ချုပ်၏ ဘဏ္ဍာရေး အစီရင်ခံစာကို ပြန်လည်ပြင်ဆင်ရန်နှင့် အတည်ပြုပေးရန်။

(ဂ) အဖွဲ့ချုပ် CTUM ၏ သွေးစည်းညီညွတ်ရေးရန်ပုံငွေကို စီမံပေးရန်။

(ဃ) ဗဟိုကော်မတီ အစည်းအဝေးနှစ်ခုအကြား အဖွဲ့ချုပ် CTUM ၏ သွေးစည်းညီညွတ်ရေး ရန်ပုံငွေမှ လုပ်ငန်းစီမံချက်များအတွက် သုံးစွဲရန် ခွင့်ပြုထားသည့် ရန်ပုံငွေကို အတည်ပြုပေးရန်။

(င) အရေးပေါ် အခြေအနေများနှင့် ရန်ပုံငွေအား အရေးပေါ်အသုံးပြုရန်လိုအပ်သည့် ကိစ္စရပ်များတွင် ဥက္ကဋ္ဌသည် သွေးစည်းညီညွတ်ရေးရန်ပုံငွေ မှ ကျပ်တစ်သိန်း (၁၀၀၀၀၀) အထက် မကျော်သော ပမာဏကို သုံးစွဲရန်ခွင့်ပြုနိုင်သည်။ အနီးဆုံးကာလတွင် ပြုလုပ်သည့် ဗဟိုကော်မတီ အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုရမည်။

## ပုဒ်မ (၅) အစည်းအဝေးများ

ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီသည် အနည်းဆုံးတစ်နှစ်တစ်ကြိမ် အစည်းအဝေး ကျင်းပရမည်။ ဘဏ္ဍာရေးမှူးသည် ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီ အစည်းအဝေးကို ခေါ်ယူပေးရမည်။ ဥက္ကဋ္ဌ မှ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဘဏ္ဍာရေးမှူးသည် လိုအပ်ချက်အရအစည်းအဝေးများကို လိုအပ်သည့် အချိန်တွင် ခေါ်ယူနိုင်သည်။

## ပုဒ်မ (၆) အစည်းအဝေးအထမြောက်ခြင်းနှင့် မဲပေးခြင်း

ဘဏ္ဍာရေးနှင့် စာရင်းစစ်ကော်မတီအဖွဲ့ဝင် အနည်းဆုံး (၃) ဦး အစည်းအဝေးတက်ရောက်မှ သာလျှင် အစည်းအဝေးအထမြောက်သည်။ ဆုံးဖြတ်ချက်များအား ချမှတ်ရာတွင် ခက်ထောင်မဲစနစ်ကို ကျင့်သုံးသည်။

## ပုဒ်မ (၇) လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ

အခြေခံစည်းမျဉ်းစည်းကမ်းအရ ဘဏ္ဍာရေးနှင့် စာရင်းစစ် ကော်မတီ အစည်းအဝေးတက်ရောက်ရန်အတွက် လာရောက်ရာတွင် ကုန်ကျမည့်စရိတ်များ (ပို့ဆောင်ရေးစရိတ်၊ လမ်းခရီးတွင် စားစရိတ်၊ လမ်းခရီးနှင့် အစည်းအဝေးကာလအတွင်း တည်းခိုစရိတ်) ကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းမှ တာဝန်ယူကျခံ ရမည် ဖြစ်ပါသည်။ ကော်မတီ၏ အခြားသော လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များကို အဖွဲ့ချုပ် CTUM မှ ကျခံ သုံးစွဲရမည်။

## ပုဒ်မ (၈) လုပ်ငန်းသုံးဘာသာစကား

ကော်မတီ၏ လုပ်ငန်းသုံးဘာသာစကားသည် မြန်မာဘာသာစကား ဖြစ်သည်။

## ပုဒ်မ (၉) စာရင်းစစ်ဆေးခြင်း

CTUM အဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် ပိုင်ဆိုင်မှုအားလုံး ညီလာခံသက်တမ်း (၅) နှစ်တာ ကာလအတွင်း ညီလာခံနှစ်ဝက်တွင် ပထမအကြိမ်၊ နောက်ဆုံးညီလာခံ မကျင်းပမီအချိန်တွင် ဒုတိယအကြိမ်၊ အစိုးရအသိ အမှတ်ပြု လက်မှတ်ရ ပြင်ပစာရင်းစစ် အဖွဲ့မှ စစ်ဆေးရမည်။

## အခန်း (၁၁)

## မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများများအဖွဲ့ချုပ် CTUM ၏ သွေးစည်းညီညွတ်ရေးရန်ပုံငွေအား ခွဲဝေသုံးစွဲ ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ

မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM ၏ သွေးစည်းညီညွတ်ရေး ရန်ပုံငွေရှိပါက သွေးစည်းညီညွတ်ရေးရန်ပုံငွေသည်-

(၁) မြန်မာနိုင်ငံရှိ လွတ်လပ်၍ အမှီခိုကင်းသော အလုပ်သမားသမဂ္ဂများ ဖွံ့ဖြိုးရေးနှင့် အင်အား တောင့်တင်း ခိုင်မာရေးအတွက် ကူညီပံ့ပိုးရန်၊

(၂) သွေးစည်းညီညွတ်ရေး ရန်ပုံငွေကို -

(က) ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များအပါအဝင် CTUM ၏ လုပ်ငန်းစီမံချက်များ ရေးဆွဲရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် အသုံးပြုရန်၊

(ခ) အဖွဲ့ချုပ် CTUM ၏ မူဝါဒများကို ဦးတည်ထားသော ပညာပေးလုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အဖွဲ့ချုပ် အဖွဲ့ဝင်အဖွဲ့အစည်းများအတွက် ဖွံ့ဖြိုးရေးကို အထူးအလေးပေး၍ အမျိုးသားအဆင့် သို့မဟုတ် အခြေခံအဆင့်လုပ်ငန်းစီမံချက်များ သို့မဟုတ် အဖွဲ့ချုပ်မှ အတည်ပြုထားပြီးသော အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းခွင်ဆိုင်ရာ လုပ်ဆောင်ချက်များကြောင့် ထိခိုက်နစ်နာရသော အလုပ်သမားများ အတွက် ကူညီပံ့ပိုးမှု၊

(င) သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသော ဘေးဒုက္ခခံစားရသူများအားလုံးကို တစ်စိတ် တစ်ပိုင်း ကူညီပေးရန်၊

(စ) အလုပ်သမားများအချင်းချင်း သွေးစည်းညီညွတ်မှု တည်ဆောက်ရန်နှင့် မြှင့်တင်ရေးအတွက် ကူညီဆောင်ရွက်ရန်၊

(ဆ) အဖွဲ့ဝင်အဖွဲ့အစည်းများမှ ထည့်ဝင်သည့် အသင်းဝင်ကြေး၊ ကူညီထောက်ပံ့ငွေ၊ အလှူငွေ၊ စာဖြင့် လွှဲအပ်သော ပစ္စည်းများ စသည်တို့ကို လက်ခံနိုင်ရန်နှင့်၊

အထက်တွင်ဖော်ပြထားသော ရည်ရွယ်ချက်များ သို့မဟုတ် ၎င်းတို့ထဲမှ မည်သည့်အချက်မဆို အထမြောက် အောင်မြင်စေမည့် အခြားသော အရာများကို ဆောင်ရွက်ရန်။ အထက်ဖော်ပြပါ အချက်များနှင့် ကိုက်ညီမှုမရှိဘဲ အဖွဲ့အစည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းများနှင့်ပါတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်သည့် ကုန်ကျမှုကို ထောက်ပံ့ရန်အတွက် အဖွဲ့ချုပ်၏ သွေးစည်းညီညွတ်ရေး ရန်ပုံငွေကို သုံးစွဲ ခြင်းမပြုရ။